http://www.dhammadownload.com

လက်ကမ်းစာစဉ် (၂၇)

ရွှေပါရမီ

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# ဂုဏ်ရှိန်ပေါင်းစုတဲ့ ဘုံကထိန်ကောင်းမှု



GRAPHIC NAY WINN AUNG 099061597

http://www.dhammadownload.com

# ဓမ္မဒါနကုသိုလ်ရှင်



http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . .သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

---

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

---

http://www.dhammadownload.com

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

---


စာမူခွင့်ပြုချက် – ၃၂၀၅၇၈၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၃၂၀၄၇၆၁၀၀၈

မျက်နှာဖုံးပန်းချီ – နေဝင်းအောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေဖြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။


ဓမ္မဒါန

http://www.dhammadownload.com



# ဂုဏ်ရှိန်ပေါင်းစုတဲ့
# ဘုံကထိန်ကောင်းမှု

အရှင်ဘုရား ....

စုပေါင်းဘုံကထိန်မှာ ကိုယ်တတ်နိုင်သလောက် အလှူငွေ ထည့်ဝင်လိုက်ရင် ကိုယ်လည်း ကထိန်အလှူရှင် ဖြစ်သွားပါသလား ဘုရား။

**မကေသီ၊ မန္တလေးမြို့။**

ဒကာမလေး မကေသီ ....

စုပေါင်းဘုံကထိန်အတွက် အများထည့်ဝင်လှူဒါန်းထားတဲ့ အလှူငွေကို ဘယ်လို အသုံးပြုသလဲ ဆိုတဲ့ အချက်

http://www.dhammadownload.com

ပေါ် မူတည်ပြီးတော့ပဲ ကထိန်အလှူငွေ ထည့်ဝင်ထားသူတွေ ကထိန်အလှူရှင် ဖြစ်မဖြစ် ဆုံးဖြတ်ရပါလိမ့်မယ်။ ကထိန် ပွဲစီစဉ်သူတွေရဲ့ လုပ်ဆောင်ချက် မှန်ကန်ရင် ကထိန်အလှူရှင် ဖြစ်နိုင်ပြီး လုပ်ဆောင်ချက် မှားယွင်းရင်တော့ ကထိန်အလှူ ရှင် လုံးဝမဖြစ်နိုင်ပါဘူး။

စုပေါင်းအလှူငွေနဲ့ 'ဥတ်သက်န်း' ဝယ်ရင် အလှူ ငွေ ထည့်ဝင်သူအားလုံး ကထိန်အလှူရှင် ဖြစ်နိုင်ပါတယ်။ စုပေါင်းအလှူငွေနဲ့ 'ဥတ်သက်န်း' မဝယ်ရင် အလှူငွေထည့် ဝင်သူအားလုံး တစ်ဦးတစ်ယောက်မှ ကထိန် အလှူရှင် မဖြစ်နိုင်တော့ပါဘူး။

ကထိန်အလှူဆိုတာ ဥတ်သက်န်းအလှူပါ။ ကထိန် အလှူရှင်ဆိုတာ ဥတ်သက်န်းအလှူရှင်ပါ။ ကထိန်ခင်းတဲ့ ဥတ်သက်န်းကို လှူမှ ကထိန်အလှူရှင် ဖြစ်နိုင်ပါတယ်။ ကထိန်ခင်းတဲ့ ဥတ်သက်န်းကို လှူခွင့်မရသရွေ့ ဘယ်တော့မှ ကထိန်အလှူရှင် မဖြစ်နိုင်ပါဘူး။

တချို့ကျောင်းတိုက်တွေမှာ 'ကထိန်သက်န်းတစ်စုံ ဘယ်လောက်' ဆိုပြီး ကျောင်းတိုက်ဘုံကထိန်အတွက် ငွေ

http://www.dhammadownload.com

အလှူခံကြပါတယ်။ ကျောင်းတိုက်ကို ကြည်ညိုသူတွေကလည်း 'ကထိန်အလှူ အထူးခြားဆုံး'ဆိုပြီး ကထိန်အလှူရှင်ဖြစ်ချင်တဲ့စိတ်နဲ့ စွမ်းနိုင်သလောက် လှူကြတာပေါ့။ ဒါပေမဲ့ ကထိန်အလှူနေ့ကျတော့ စုပေါင်းအလှူငွေနဲ့ ဝယ်ထားတဲ့ သင်္ကန်းတွေထဲက သင်္ကန်းတစ်ထည်ကို 'ဥတ်သင်္ကန်း' မလုပ်ဘဲ ကျောင်းတိုက်အပေါ် ကျေးဇူးအများဆုံးကျောင်းဒကာ၊ ကျောင်းအမက ဥတ်သင်္ကန်းအဖြစ်လှူတဲ့သင်္ကန်းကိုပဲ 'ဥတ်သင်္ကန်း' လုပ်လိုက်ကြပါတယ်။

အဲဒီကထိန်ပွဲမှာ ဥတ်သင်္ကန်းလှူခွင့်ရတဲ့ ကျောင်းဒကာ၊ ကျောင်းအမပဲ ကထိန်အလှူရှင်ဖြစ်သွားပါတယ်။ ကထိန်အလှူငွေ ထည့်ဝင်ထားတဲ့ တခြား ဒကာ၊ ဒကာမတွေအားလုံး ဘယ်သူမှ ကထိန်အလှူရှင် မဖြစ်တော့ပါဘူး။ 'ဘုံကထိန်' လို့ နာမည်တပ်ထားပေမယ့် ဘုံကထိန် မဟုတ်တော့ဘဲ ကျောင်းဒကာ၊ ကျောင်းအမရဲ့ 'ပုံကထိန်'ပဲ ဖြစ်သွားပါတယ်။

ကထိန်အလှူရဲ့ အကျိုးအာနိသင်တွေအားလုံး ကျောင်းဒကာ၊ ကျောင်းအမအပေါ်မှာပဲ ပုံကျသွားလို့ 'ပုံ

http://www.dhammadownload.com

ကထိန်’ လို့ ပြောလိုက်တာပါ။ ကထိန်အလှူငွေထည့်ဝင်ထားသူတွေရဲ့ အလှူငွေတွေအားလုံးကို ကျောင်းဒကာ၊ ကျောင်းအမရဲ့ ကထိန်အလှူအတွက် ပံ့ပေးလိုက်ရလို့လည်း ‘ပံ့ကထိန်’ လို့ ပြောလိုက်တာပါ။ ဘုံကထိန်ဆိုတာ အလှူငွေဝိုင်းထည့်ရခြင်းဆိုတဲ့ ပုံစံပြယုဂ်လောက်ပဲ ဟန်ပြရှိတော့လို့လည်း ‘ပံ့ကထိန်’ လို့ ပြောလိုက်တာပါ။ ဘုံကထိန်နဲ့လည်း ကာရန်ကိုက်အောင်ပေါ့။

‘ကျောင်းဒကာ ကျောင်းအမ’ ဆိုတာ နမူနာ ပြောတာပါ။ ကျောင်းအပေါ် ကျေးဇူးများသူ၊ များများလှူသူ၊ တစ်ခါတစ်ရံမှ လှူပေမယ့် အရမ်းချမ်းသာသူ၊ ကျောင်းအပေါ် ကျေးဇူးများဖို့ အလားအလာရှိသူ၊ ဩဇာအရှိန်အဝါကြီးမားသူ၊ ထင်ရှားကျော်ကြားသူ၊ လူလည်ကျသူ ... စသည်အားဖြင့် ဥတ်သကၤန်း တစ်ဦးတည်းလှူဖို့ တောင်းဆိုသူ မည်သူမဆို အကျုံးဝင်ပါတယ်။

တချို့က လူလည်ကျပြီး ‘ဥတ်သကၤန်းကို ကျွန်တော် တာဝန်ယူပါတယ်’၊ ‘ဥတ်သကၤန်းကိုတော့ ကျွန်တော် တစ်ဦးတည်းကပဲ နှစ်တိုင်း လှူပါရစေ’ လို့ သဒ္ဒါတရား

http://www.dhammadownload.com

အထူးကောင်းသလိုလို ဘာလိုလိုနဲ့ ဥတ်သက်န်းအလှူကို တစ်ဦးတည်း အပိုင်စီးတတ်ကြပါတယ်။

'စုပေါင်းအလှူငွေထဲက ညှပ်မကြီးဖိုး သက်သာလည်း မနည်းဘူး' ဆိုပြီး၊ ဒါမှမဟုတ် 'သူက ကျောင်းအတွက် ကျေးဇူးများတဲ့သူဆိုတော့ ဦးစားပေးလိုက်ပါမယ်လေ' ဆိုပြီး သွားလက်ခံလိုက်လို့ကတော့ 'ဘုံကထိန်' ဆိုတာ နာမည်ခံသက်သက်ပဲ ဖြစ်သွားပါလိမ့်မယ်။ ဘုံသင်္ကန်းနဲ့ ကထိန်ခင်းမှ ဘုံကထိန်ဖြစ်မယ်ဆိုတာကို လုံးဝ မမေ့လိုက်ပါနဲ့။ ကထိန်ခင်းတဲ့ ဥတ်သင်္ကန်းဟာ ဘုံသင်္ကန်း ဖြစ်ကိုဖြစ်ရပါမယ်။

ကထိန်ခင်းတယ်ဆိုတာ သင်္ကန်းတွေ အများကြီးလှူတာ၊ လှူဖွယ်ဝတ္ထုတွေ အများကြီးလှူတာ၊ ပဒေသာပင်တွေအများကြီးလှူတာကို ပြောတာ မဟုတ်ပါဘူး၊ ကထိန်ခင်းတဲ့ ဥတ်သင်္ကန်းလှူတာကို ပြောတာပါ။

ကထိန်ခင်းတဲ့ သင်္ကန်းလှူတာကိုပဲ ကထိန်ခင်းတယ်လို့ အလွယ်တကူ ပြောနေကြပေမယ့် လူဝတ်ကြောင် ဒကာ ဒကာမတွေက လုံးဝ ကထိန်ခင်းလို့ မရပါဘူး။

http://www.dhammadownload.com

သံဃာက သဘောတူခွင့်ပြုထားတဲ့ ရဟန်းတော်တစ်ပါးကပဲ ကထိန်ခင်းလို့ရပါတယ်။ ကထိန်ကို ဒကာ ဒကာမတွေက ခင်းတာ မဟုတ်ပါဘူး။ သံဃာ့ခွင့်ပြုချက်ရထားတဲ့ ရဟန်း တစ်ပါးကပဲ ခင်းတာပါ။

သိမ်ထဲမှာ သံဃာတော်တွေ စုဝေးပြီး ကထိန်ခင်း မယ့်ရဟန်းကို သံဃာက ကထိန်သင်္ကန်းပေးရပါတယ်။ 'ရော့-အင့်' ဆိုပြီး ဒီအတိုင်းပေးရတာမဟုတ်ပါဘူး။ ကမ္မဝါ စာရွတ်ဖတ်ပြီး သေချာပေးရတာပါ။

ဘယ်ကမ္မဝါပဲ ရွတ်ရွတ်၊ ကမ္မဝါတိုင်းမှာ အပိုင်း (၃)ပိုင်း ပါပါတယ်။ အသိပေးခြင်းအပိုင်း၊ အဆိုပြုခြင်းအပိုင်း နဲ့ အတည်ပြုခြင်းအပိုင်းတို့ပါပဲ။ အသိပေးခြင်းအပိုင်းမှာ 'အခြေအနေ အဆင်ပြေပြီဆိုရင် သံဃာက ဒီကံ (ဒီကံ)ကို ပြုပါတော့မယ်' လို့ အသိပေးလိုက်ပါတယ်။ အဆိုပြုခြင်း အပိုင်းမှာ 'သံဃာက ဒီကံ (ဒီကံ)ကို ပြုနေပါပြီ၊ သဘောတူ ရင် ငြိမ်နေပါ။ သဘောမတူရင် ထပြောပါ' လို့ အဆိုပြုလိုက် ပါတယ်။ အတည်ပြုခြင်းအပိုင်းမှာ 'သံဃာအားလုံး ငြိမ်နေ တဲ့အတွက် သဘောတူတယ်လို့ မှတ်ယူပါတယ်၊ သံဃာက

http://www.dhammadownload.com

ဒီကံ(ဒီကံ) ကို ပြုပြီးပါပြီ'လို့ အတည်ပြု လိုက်ပါတယ်။

'အသိပေးခြင်း'ကို ပါဠိလို 'ဉတ္တိ'လို့ ခေါ်ပါတယ်။ 'ဉတ္တိ' ဆိုတဲ့ စကားလုံးကိုပဲ လုံးကြီးတင်ဖျောက်၊ အောက်က (တ)ဖြုတ်၊ အသတ်ကလေးထည့်ပြီး 'ဉတ်'လို့ ပါဠိသက်မြန်မာဝေါဟာရအနေနဲ့ ခေါ်လိုက်ကြတာပါ။

ဉတ်ရယ်၊ ကမ္မဝါရယ် နှစ်ခုတွဲလိုက်တော့ ဉတ်ကမ္မဝါဖြစ်သွားတာပေါ့။ ကထိန်ခင်းရဟန်းကို ကထိန်သင်္ကန်းပေးတဲ့အခါ ဉတ်ကမ္မဝါရွတ်ဖတ်ပြီးမှ ပေးရတဲ့အတွက် ကထိန်သင်္ကန်းကို ဉတ်ကမ္မဝါသင်္ကန်းလို့ ခေါ်ပါတယ်။ ဉတ်ကမ္မဝါသင်္ကန်းလို့ အပြည့်အစုံခေါ်ရင် စကားလုံးများနေတဲ့အတွက် စကားလုံးနည်းအောင် ကမ္မဝါဆိုတဲ့ နောက်စကားလုံးကို ဖြုတ်ပြီး ဉတ်သင်္ကန်းလို့ပဲ အတိုချုံး ခေါ်လိုက်ကြလို့ ခုချိန်ထိ ကထိန်သင်္ကန်းကို 'ဉတ်သင်္ကန်း' လို့ပဲခေါ်နေကြတာပါ။

အမှန်တော့ အများနားယဉ်ပြီးသား ကမ္မဝါဆိုတဲ့ စကားလုံးနဲ့ပဲ 'ကမ္မဝါသင်္ကန်း'လို့ ခေါ်လိုက်ရင် ပိုရှင်းပါတယ်။ 'ကမ္မဝါဖတ်တယ်'ဆိုတဲ့စကား၊ ဘာသာရေး ဗဟု

http://www.dhammadownload.com

သုတကြွယ်တဲ့သူကို 'သူကတော့ ကမ္ဘဝါဖတ်မယ့်သူပဲ'လို့ ပြောတဲ့ စကားတွေက အများကြားဖူးနားဝရှိကြပြီးသား မဟုတ်လား။ သိမ်ထဲမှာ ကမ္ဘဝါဖတ်မယ့် သင်္ကန်းမို့လို့ ကထိန်သင်္ကန်းကို 'ကမ္ဘဝါသင်္ကန်း'လို့ခေါ်တယ်ဆိုရင် အားလုံး အလွယ်တကူ နားလည်သွားကြမှာပါ။ ဒါပေမဲ့ အစဉ်အလာ ခေါ်နေကျအတိုင်း 'ဥတ်သင်္ကန်း' လို့ပဲ ထားလိုက်ပါတော့။

ဥတ်သင်္ကန်းကို 'ညပ်သင်္ကန်း'လို့ အသံထွက်မှန်အောင် မခေါ်တတ်ဘဲ 'ညှပ်သင်္ကန်း'လို့ ဟထိုးသံနဲ့ ခေါ်နေကြတဲ့အတွက် အခုထက်ထိ ညှပ်သင်္ကန်းလို့ နှုတ်ကျိုးနေကြပါတယ်။ 'ညှပ်သင်္ကန်း'လို့ ခေါ်ရမှာ မဟုတ်ပါဘူး။ 'ညပ်သင်္ကန်း' လို့ ခေါ်ရမှာပါ။

ကမ္ဘဝါစာနဲ့ ညှပ်ပြီး ပေးရတဲ့ သင်္ကန်းမို့လို့ ညှပ်သင်္ကန်းခေါ်တာ မဟုတ်ပါဘူး။ ဝါးခြမ်းပြား၊ သစ်သားချောင်းစတဲ့ အရာဝတ္ထု တစ်ခုခုနဲ့ သင်္ကန်းကို ဟိုဘက် ဒီဘက်ညှပ်ပြီး ချည်ထားတဲ့သင်္ကန်းမို့လို့လည်း ညှပ်သင်္ကန်းလို့ ခေါ်တာမဟုတ်ပါဘူး။ ဥတ်သင်္ကန်း(ညပ်သင်္ကန်း)ကို

http://www.dhammadownload.com

အသံထွက်မပီလို့ ညှပ်သကၤန်းလို့ ခေါ်နေကြတာပါ။

ဥတ်သကၤန်းကိုပဲ တချို့က 'ညှပ်မကြီး'လို့လည်း ခေါ်ကြပါသေးတယ်။ လက်မ၊ ခြေမ၊ လမ်းမ စတဲ့ စကားရပ်တွေမှာ 'မ' အက္ခရာက 'အကြီးစား'၊ 'အကြီးဆုံး' လို့ အဓိပ္ပာယ်ရပါတယ်။ လက်ချောင်း၊ ခြေချောင်းတွေထဲမှာ လက်မ၊ ခြေမက အကြီးဆုံး၊ လမ်းတွေထဲမှာ လမ်းမက အကြီးဆုံးပဲ မဟုတ်လား။ ဥတ်သကၤန်းကိုလည်း အများအားဖြင့် နှစ်ထပ်သကၤန်းကြီး (ဒုကုဋ္ဋ)နဲ့ လုပ်ကြတဲ့အတွက် အကြီးစားသကၤန်း၊ အကြီးဆုံးသကၤန်းဖြစ်လို့ 'ညှပ်မ'၊ 'ညှပ်မကြီး'လို့ ခေါ်ကြတာပါ။

တချို့ကထိန်တွေမှာ ဥတ်သကၤန်းကို တခြား လှူဖွယ်ပစ္စည်းတွေ အများကြီး ခြံရံပြီး ပဒေသာပင်ကြီး သီးထားတတ်ကြတဲ့အတွက် ပဒေသာပင်တွေ အားလုံးထဲမှာ အကြီးဆုံးဖြစ်လို့လည်း ဥတ်သကၤန်းပါတဲ့ ပင်မပဒေသာပင်ကြီးကို 'ညှပ်မကြီး'လို့ ခေါ်ကြတာလည်းရှိပါတယ်။

ဥတ်သကၤန်းကို နှစ်ထပ်သကၤန်းကြီးနဲ့ပဲ လုပ်လို့ရတာ မဟုတ်ပါဘူး။ ခါးဝတ်သင်းပိုင်နဲ့လည်း လုပ်လို့ရ

http://www.dhammadownload.com

ပါတယ်။ ကိုယ်ရုံကေသီနဲ့လည်း လုပ်လို့ရပါတယ်။

ဒါ့ကြောင့် ကထိန်သင်္ကန်းလှူတဲ့ အလှူ့ရှင်တွေကလည်း သင်းပိုင်တစ်ထည်ဖြစ်ဖြစ်၊ ကေသီတစ်ထည်ဖြစ်ဖြစ်၊ ဒုကုဋ်တစ်ထည်ဖြစ်ဖြစ် လှူဒါန်းရင် လုံလောက်ပါတယ်။ ကထိန်ခင်းမယ့် ကထိန်သင်္ကန်းကို သင်္ကန်းသုံးထည် (သုံးမျိုး)လုံး လှူစရာ မလိုပါဘူး။

လူအတော်များများက ဒုကုဋ်လို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီးနဲ့မှ ကထိန်ခင်းလို့ရတယ်ထင်ပြီး ကထိန်သင်္ကန်းလှူရင် နှစ်ထပ်သင်္ကန်းကြီးပဲ လှူနေကြပါတယ်။ မဟုတ်ပါဘူး။ သင်းပိုင်ပဲ လှူလည်းရပါတယ်။ ကေသီပဲ လှူလည်းရပါတယ်။ သံဃာတော်တွေ အမှန်တကယ် သုံးမယ့် သင်္ကန်းလှူတာ အကောင်းဆုံးပါပဲ။

ကထိန်ပွဲမှာလှူဒါန်းကြတဲ့ သင်္ကန်းတွေ အများကြီးထဲမှာ ကထိန်ခင်းမယ့် သင်္ကန်း (တစ်ထည်တည်းသာ)ကို ဥတ်သင်္ကန်းလို့ ခေါ်ပါတယ်။ ကထိန်ခင်းမယ့် သင်္ကန်းမှတစ်ပါး တခြားသင်္ကန်းတွေကိုတော့ ဥတ်သင်္ကန်းရဲ့ အခြံအရံသင်္ကန်းတွေဖြစ်လို့ 'ဥတ်ရံသင်္ကန်း' လို့ ခေါ်ပါတယ်။

---

http://www.dhammadownload.com

တစ်နည်းပြောရရင်တော့ ကထိန်မှာ လှူကြတဲ့ သင်္ကန်းတွေ အများကြီးထဲမှာ ဥတ်သင်္ကန်းကို 'ကထိန် သင်္ကန်း'လို့ ခေါ်ပါတယ်။ ဥတ်သင်္ကန်းမှတစ်ပါး တခြား သင်္ကန်းတွေကိုတော့ ကထိန်သင်္ကန်းရဲ့ အခြံအရံသင်္ကန်းတွေ ဖြစ်လို့ 'ကထိန်ရံသင်္ကန်း'လို့လည်း ခေါ်ပါတယ်၊ ကထိန် အာနိသင်အဖြစ် ရသွားမယ့်သင်္ကန်းတွေဖြစ်လို့ 'ကထိန်အာနိ-သင်သင်္ကန်း' လို့လည်း ခေါ်ပါတယ်။

စကားလုံးကျဉ်းကျဉ်းနဲ့ အရှင်းဆုံးပြောရရင်တော့ 'ကထိန်သင်္ကန်း'နဲ့ 'အာနိသင်သင်္ကန်း'လို့ ပြောရမှာပေါ့။ ဥတ်သင်္ကန်းက 'ကထိန်သင်္ကန်း'၊ ဥတ်ရံသင်္ကန်း၊ ကထိန်ရံ သင်္ကန်းက 'အာနိသင်သင်္ကန်း'.....။ ကထိန်သင်္ကန်းက တစ်ထည်ပဲရှိပါတယ်။ (တစ်စုံမဟုတ်ပါ၊ သင်းပိုင်၊ သို့ မဟုတ် ဧကသီ၊ သို့မဟုတ် နှစ်ထပ် သင်္ကန်းကြီး။) အာနိ-သင်သင်္ကန်းက လှူရင်လှူကြသလောက် အများကြီးရှိပါ တယ်။

'ကထိန်သင်္ကန်း'ကို တစ်ဦးတစ်ယောက်ကပဲ လှူပြီး 'အာနိသင်သင်္ကန်း'ကို အများစုပေါင်းပြီး လှူတယ်

http://www.dhammadownload.com

ဆိုရင် အဲဒီကထိန်ဟာ ဘုံကထိန်မဟုတ်ပါဘူး။ 'အာနိသင်သင်္ကန်း'ကို တစ်ဦးတစ်ယောက်ကပဲလှူပြီး 'ကထိန်သင်္ကန်း' ကို အများစုပေါင်းပြီးလှူတယ်ဆိုရင် အဲဒီ ကထိန်ဟာ ဘုံကထိန်ပါ။

ကထိန်တစ်ခု 'ဘုံကထိန်'ဖြစ်ဖို့အတွက် အဓိက အကျဆုံးကတော့ ကထိန်သင်္ကန်းလို့ခေါ်တဲ့ ဥတ်သင်္ကန်းဟာ အများစုပေါင်းပြီး လှူတဲ့ ဘုံသင်္ကန်းဖြစ်ဖို့ပါပဲ။ ဒကာဒကာမ အများ တတ်စွမ်းသမျှ လှူဒါန်းကြတဲ့ စုပေါင်းအလှူငွေနဲ့ ကထိန်သင်္ကန်း (ဥတ်သင်္ကန်း) ဝယ်မှ အဲဒီကထိန်ဟာ ဘုံကထိန်ဖြစ်နိုင်ပါတယ်။

ကထိန်သင်္ကန်း အဓိကဆိုပေမယ့် အာနိသင်သင်္ကန်းကလည်း အရေးကြီးပါတယ်။ 'ကထိန်အလှူရှင်နှစ်ဦး ဆုံနေရင် အာနိသင်သင်္ကန်း(ကထိန်ရုံသင်္ကန်း) များများ ပိုလှူနိုင်တဲ့ အလှူရှင်ရဲ့ ကထိန်သင်္ကန်းကိုပဲ ဥတ်တင်ပြီး ကထိန်ခင်းရမယ်' ....လို့ ဝိနည်းအဆုံးအဖြတ်ရှိတဲ့အတွက် 'ကထိန်'လို့ ဆိုလိုက်ရင် ကထိန်သင်္ကန်းလည်း ပါရပါမယ်၊ အာနိသင်သင်္ကန်း (ကထိန်ရုံသင်္ကန်း) လည်း ပါရပါမယ်။

http://www.dhammadownload.com

အဓိပ္ပာယ်ရှိတဲ့ ဘုံကထိန်၊ အနှစ်သာရပြည့်ဝတဲ့ ဘုံကထိန် ဖြစ်ဖို့အတွက် ကထိန်သင်္ကန်း (ဥတ်သင်္ကန်း)ဟာလည်း အများစုပေါင်းကောင်းမှု ဖြစ်ရပါမယ်။ အာနိသင်သင်္ကန်း (ကထိန်ရုံသင်္ကန်း) တွေဟာလည်း အများစုပေါင်းကောင်းမှု ဖြစ်ရပါမယ်။ ကထိန်သင်္ကန်းကတော့ အများစုပေါင်းအလှူငွေနဲ့ ဝယ်ရမှာပေါ့။ အာနိသင်သင်္ကန်းကတော့ အများစုပေါင်းအလှူငွေနဲ့ ဝယ်တာတွေလည်း ရှိမယ်၊ သူတစ်စုံ၊ ငါတစ်စုံ စသည် ... စွမ်းနိုင်သမျှ ဝိုင်းလှူကြတာတွေလည်း ရှိမယ်ပေါ့။ ငါးစုံတတ်နိုင် ငါးစုံ၊ အစုံတစ်ရာတတ်နိုင် အစုံတစ်ရာ .... ဆန္ဒရှိသလို လှူလို့ရပါတယ်။ အလှူငွေပဲ ထည့်ထည့်၊ သင်္ကန်းပဲလှူလှူ အများစုပေါင်းကောင်းမှု အာနိသင်သင်္ကန်း (ကထိန်ရုံသင်္ကန်း) လို့ပဲ ခေါ်နိုင်ပါတယ်။

ကိုယ်က သင်္ကန်းများများ လှူနိုင်လို့ဆိုပြီး ကိုယ့်သင်္ကန်းကိုပဲ ဥတ်သင်္ကန်းလုပ်ပြီး ကထိန်ခင်းခိုင်းတာမျိုး လုံးဝ မပြုလုပ်သင့်ပါဘူး။ ဘုံကထိန်လို့ နာမည်ခံထားတဲ့အတွက် ဘုံကောင်းမှုဖြစ်တဲ့ သင်္ကန်းကို ဉာတ်သင်္ကန်းလုပ်

http://www.dhammadownload.com

တာကိုပဲ ကြည်ကြည်ဖြူဖြူ ဝမ်းမြောက်သင့်ပါတယ်။ ဥတ် သင်္ကန်းထဲမှာ ကိုယ့်ကုသိုလ်ပါချင်ရင် သင်္ကန်းဘယ်နှစ်စုံပဲ လှူလှူ ဥတ်သင်္ကန်းအတွက် အလှူငွေ သီးခြားထည့်လိုက် ရုံပါပဲ။

ကထိန်သင်္ကန်းရော၊ ကထိန်ရံသင်္ကန်းတွေရော၊ သင်္ကန်းမှတစ်ပါး တခြားလှူဖွယ်ဝတ္ထုအားလုံးရော၊ ဘုန်းကြီး ဆွမ်းကပ်နဲ့ ဧည့်ပရိသတ်အကျွေးအမွေးအားလုံးရော ... ကထိန်ပွဲနဲ့ပတ်သက်သမျှ ကုန်ကျစရိတ်အားလုံးကို ကိုယ် တစ်ဦးတည်းကပဲ တာဝန်ယူလှူဒါန်းမယ်ဆိုရင်တော့ ကိုယ် လှူတဲ့သင်္ကန်းကိုပဲ ဥတ်သင်္ကန်းလုပ်ပြီး ကထိန်ခင်းနိုင်ပါ တယ် (ကထိန်ခင်းဖို့ လှူနိုင်ပါတယ်)။

ဒါပေမဲ့ အဲဒီကထိန်ဟာ ဘုံကထိန် မဟုတ်တော့ ပါဘူး။ ဘုံကထိန်မဟုတ်တော့တဲ့အတွက် 'ကျောင်းတိုက် ကထိန်အတွက်' ဆိုပြီး ဘယ်သူ့ဆီကမှ အလှူငွေ လိုက် မကောက်သင့်တော့ပါဘူး။ တကယ်လို့ အလှူငွေ လိုက် ကောက်ခဲ့မယ်ဆိုရင် လိမ်ညာပြီး အလှူခံတာပဲဖြစ်ပါ လိမ့်မယ်။

http://www.dhammadownload.com

ကထိန်သင်္ကန်းနဲ့ ကထိန်ရဲ့သင်္ကန်း၊ သင်္ကန်း အားလုံးကိုတော့ ကိုယ်ကလှူမယ်၊ အများစုပေါင်းလှူထားတဲ့ အလှူငွေကိုတော့ ဘုန်းကြီးဆွမ်းကပ် နဲ့ ညှော်ပရိသတ် အကျွေးအမွေးကိစ္စမှာပဲ သုံးမယ်ဆိုရင်တော့ သူတစ်ပါးရဲ့ ကထိန်အလှူကို ခေါင်းပုံဖြတ်လုယူလိုက်တာပါပဲ။ ပစ္စည်း ကို ခေါင်းပုံဖြတ်တာထက် ကုသိုလ်ကို ခေါင်းပုံဖြတ်တာက ပိုပြီး ယုတ်မာပါတယ်။

ကထိန်ပွဲအတွက် လိုအပ်သမျှ သင်္ကန်းအားလုံး ကျွန်တော်/ ကျွန်မ တစ်ဦးတည်းကပဲ တာဝန်ယူလှူပူဇော်မယ်လို့ တစ်ဦးတစ်ယောက်က ပြောတာကို ကထိန်ပွဲစီစဉ်သူတွေက 'သင်္ကန်းဖိုး အကုန်အကျ သက်သာသွားပြီ၊ သင်္ကန်းဝယ် စရာမလိုတော့ဘူး' ဆိုပြီး လက်ခံလိုက်မယ်ဆိုရင် အဲဒီ ကထိန်ဟာ ဘုံကထိန်မဟုတ်တော့ပါဘူး။ အဲဒီတစ်ဦး တစ်ယောက်ရဲ့ ကထိန်ပဲဖြစ်သွားပါတယ်။

သင်္ကန်းအားလုံးကို တစ်ဦးတစ်ယောက်က လှူတာ မဟုတ်ပေမယ့် တစ်ဦးတစ်ယောက်လှူတဲ့သင်္ကန်းကို ကထိန် သင်္ကန်း (ဥတ်သင်္ကန်း) လုပ်လိုက်မယ်ဆိုရင်လည်း အဲဒီ

http://www.dhammadownload.com

ကထိန်ဟာ ဘုံကထိန်မဟုတ်တော့ပါဘူး။ အဲဒီ တစ်ဦးတစ်ယောက်ရဲ့ ကထိန်ပဲဖြစ်သွားပါတယ်။

အဲဒီလိုနည်းနဲ့ ခံလိုက်ရတဲ့အကြိမ်ပေါင်း နည်းမယ်မထင်တော့ပါဘူး။ မသိနားမလည်လို့ ခံလိုက်ရတာပါ။ ကထိန်အတွက် အလှူငွေသာ ထည့်လိုက်ရတယ်၊ ကထိန်အလှူရှင် မဖြစ်လိုက်တဲ့သူတွေ အများကြီးပါပဲ။ ဒီလိုနဲ့ပဲ ခံခဲ့ရပေါင်းများပါပြီ။ ဒီလိုမခံရဖို့အတွက် ကထိန်ပွဲ စီစဉ်သူတွေမှာ အဓိက တာဝန်ရှိပါတယ်။ သဒ္ဓါတရား သိပ်အားကောင်းတဲ့ ကျောင်းတိုက်ရဲ့ အဓိကအလှူရှင်တွေမှာလည်း တာဝန်ရှိပါတယ်။

သင်္ကန်းအစုံ(၁၀၀)ပဲ လိုအပ်တဲ့ ဘုံကထိန်ပွဲမှာ ကိုယ်တစ်ဦးတည်းကပဲ သင်္ကန်းအစုံ (၁၀၀) လှူလိုက်တယ်ဆိုရင် တခြားအလှူရှင်တွေရဲ့ ကထိန်အလှူကို တားမြစ်ပိတ်ပင်လိုက်ရာ ရောက်ပါတယ်။ အများစုပေါင်း အလှူငွေနဲ့ သင်္ကန်းထပ်ဝယ်မယ်ဆိုရင်လည်း မလိုအပ်ဘဲ အလေအလွင့်ဖြစ်သွားနိုင်တဲ့အတွက် အများစုပေါင်း အလှူငွေက သင်္ကန်းအစုံ (၂၀) ဝယ်လောက်တယ်ဆိုရင် အများစုပေါင်းအလှူငွေနဲ့

http://www.dhammadownload.com

သင်္ကန်း အစုံ (၂၀) ဝယ်ပြီး ကိုယ်က သင်္ကန်းအစုံ (၈၀) ပဲ လှူလိုက်ပါ။

ကိုယ့်ကောင်းမှုက သင်္ကန်းအစုံ (၈၀)၊ အများကောင်းမှုက သင်္ကန်းအစုံ (၂၀)၊ ဒီလိုဆိုတော့ ကိုယ်လည်း ကထိန်အလှူရှင်ဖြစ်၊ အများလည်း ကထိန်အလှူရှင် ဖြစ်သွားတာပေါ့။ ကထိန်အလှူမှာ သင်္ကန်းကအဓိကပါပဲ။ ဥတ်သင်္ကန်းက အဓိကဆိုပေမယ့် ဥတ်သင်္ကန်း တစ်ခုတည်းနဲ့ ကထိန်ပွဲက မပြည့်စုံပါဘူး။ ဉာတ်ရုံသင်္ကန်းလို့ ခေါ်တဲ့ ကထိန်အာနိသင်သင်္ကန်း (ကထိန်ရုံသင်္ကန်း) လုံလုံလောက်လောက်ပါမှ၊ သံဃာအပါးစေ့ ဝေနိုင်လောက်အောင် ပါမှ ကထိန်ပွဲက ပြည့်စုံပါတယ်။

ကထိန်ပွဲလာသူတွေ ဟိုလူတစ်စုံ၊ ဒီလူတစ်စုံ လှူလို့ သင်္ကန်းတွေ ပိုလျှံသွားလည်း ပြဿနာမရှိပါဘူး။ ပိုလျှံလေကောင်းလေပါပဲ။ ကထိန်ရဲ့ အနှစ်သာရက သံဃာတော်တွေ သိက္ခာပုဒ်ဝန်ထုပ် သက်သာသွားဖို့နဲ့ သင်္ကန်းလာဘ်လာဘ ပြည့်စုံသွားဖို့ ဖြစ်တဲ့အတွက် သင်္ကန်း ပိုလျှံသွားမှာကို စိတ်ပူနေစရာ မလိုပါဘူး။ ပိုလျှံတဲ့ သင်္ကန်းတွေကို သံဃာ

http://www.dhammadownload.com

တော်တွေက ဝိနည်းစည်းကမ်းနဲ့အညီ စနစ်တကျ စီမံခန့်ခွဲသွားကြပါလိမ့်မယ်။ အရေးကြီးဆုံးက အများစုပေါင်းအလှူငွေနဲ့ ဥတ်သင်္ကန်း အပါအဝင် သင်္ကန်းတွေ ဝယ်ဖြစ်ဖို့ပါပဲ။

အများစုပေါင်းအလှူငွေနဲ့ သင်္ကန်းမဝယ်ဖြစ်မှာစိုးလို့သာ သင်္ကန်း အစုံ (၁၀၀) လှူမယ့်သူကို အစုံ (၈၀)ပဲလှူလို့ ပြောလိုက်တာပါ။ အများစုပေါင်းအလှူငွေနဲ့ သင်္ကန်းဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ ကိုယ်ကတော့ အစုံ (၁၀၀) လှူဖြစ်အောင် လှူမယ်လို့ ဆုံးဖြတ်ထားရင်တော့ ကိုယ်ရည်မှန်းထားတဲ့အတိုင်း သင်္ကန်းအစုံ (၁၀၀) လှူနိုင်ပါတယ်။

ဒါပေမဲ့ ကထိန်ပွဲစီစဉ်သူတွေကတော့ တစ်ဦးတစ်ယောက်ရဲ့ ကောင်းမှုနဲ့ သင်္ကန်းဘယ်လောက်ပဲ ပြည့်စုံပိုလျှံနေပါစေ…အများကောင်းမှုနဲ့ ကထိန်သင်္ကန်းရော၊ ကထိန်ရဲ့သင်္ကန်းတွေရော ဝယ်ကိုဝယ်ရပါမယ်။ ကထိန်အလှူမှာ သင်္ကန်းက အဓိကဖြစ်တဲ့အတွက် အများကောင်းမှုအလှူငွေဟာ သင်္ကန်းအတွက် အဓိကဖြစ်သင့်ပါတယ်။ သင်္ကန်းအစုံ (၁၀၀) လှူတဲ့ သူက ကထိန်အလှူရှင် ဖြစ်ချင်တယ်ဆိုရင်

http://www.dhammadownload.com

ကထိန်သင်္ကန်းဝယ်မယ့် အများကောင်းမှုထဲ အလှူငွေ ထပ်ထည့်ရပါမယ်။

အများစုပေါင်းအလှူငွေက သင်္ကန်းအတွက်ပဲ လုံလောက်တယ်ဆိုရင် ဆွမ်းကပ်နဲ့ ဧည့်ခံကျွေးမွေးရေးကိစ္စကို သင်္ကန်းများများလှူနိုင်တဲ့ အလှူရှင်၊ သို့မဟုတ် ကျောင်းတိုက်ရဲ့ အဓိကအလှူရှင်၊ သို့မဟုတ် တတ်နိုင်တဲ့အလှူရှင်နှစ်ဦး၊ သုံးဦး၊ လေးငါးဦးက တာဝန်ယူသင့်ပါတယ်။ အများစုပေါင်းအလှူငွေ သိပ်များနေလို့ သင်္ကန်းအတွက်ရော၊ ဆွမ်းကပ်နဲ့ ဧည့်ခံကျွေးမွေးရေးအတွက်ရော အဆင်ပြေသလို ခွဲဝေသုံးမယ်ဆိုရင်လည်း ပြီးတာပါပဲ။

လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်က စာစောင်တွေမှာ နာမည်ကြီးမင်းသမီးတစ်ဦးရဲ့ ကထိန်အလှူသတင်းတွေ ဖတ်ခဲ့ရဖူးပါတယ်။ သိန်းပေါင်းများစွာ အကုန်အကျခံပြီး အကြီးအကျယ် ကထိန်ခင်းတာပါ။ သူ့ရဲ့ အင်တာဗျူးတွေမှာ ... သင်္ကန်းတော့ သူလုံးဝမလှူပါဘူး၊ တခြား မင်းသား၊ မင်းသမီးတွေကပဲ လှူပါတယ် ..တဲ့။ သူကတော့ တကယ်လိုအပ်တာကိုပဲ လှူချင်တဲ့အတွက် ဆန်အိတ်တွေ၊ ဆီပုံးတွေ

http://www.dhammadownload.com

ပဲ လှူပါတယ်...တဲ့။ ဆန်အိတ် ဘယ်နှရာ၊ ဆီပုံး ဘယ်နှရာပေါ့။

ဆန်အိတ်တွေ၊ ဆီပုံးတွေ၊ တခြားလှူဖွယ်ဝတ္ထုပစ္စည်းတွေ သိန်းဘယ်နှရာဖိုးပဲလှူလှူ၊ ကထိန်ခင်းမယ့်သင်္ကန်း လုံးဝ မလှူတဲ့အတွက် အဲဒီ မင်းသမီး ကထိန်အလှူရှင် လုံးဝမဖြစ်ပါဘူး။ အဲဒီ မင်းသမီး လုံးဝ ကထိန်မခင်းလိုက်ရပါဘူး။ 'ကထိန်အမ ဘယ်သူ' လို့ စာလုံးကြီးကြီးနဲ့ ရေးချင်သလောက်ရေး အဲဒီမင်းသမီး 'ကထိန်အမ' လုံးဝ မဟုတ်ပါဘူး။ ဆန်အိတ်တွေ၊ ဆီပုံးတွေ လှူပြီး ကျောင်းတိုက်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာ ကုသိုလ်တော့ ရပါတယ်။ ဒါပေမဲ့ ဒါဟာ ကထိန်ခင်းတာ မဟုတ်ပါဘူး။

ကထိန်ခင်းတယ်ဆိုတာ သံဃာတော်တွေ ပစ္စည်းလေးပါး ပြည့်စုံသွားအောင် လှူဖွယ်ဝတ္ထုမျိုးစုံ အများကြီး လှူဒါန်းတာကို ပြောတာ မဟုတ်ပါဘူး။ ပစ္စည်းမျိုးစုံ၊ ပိုက်ဆံမျိုးစုံနဲ့ ပဒေသာပင်တွေ သီးပြီး လှူဒါန်းတာဟာ ကထိန်ခင်းတာ မဟုတ်ပါဘူး။ ကထိန်သင်္ကန်းနဲ့ ကထိန်ရဲ့

http://www.dhammadownload.com

သင်္ကန်းတွေ လှူတာကိုပဲ ကထိန်ခင်းတယ်လို့ ခေါ်ပါတယ်။ ဒါပေမဲ့ ကထိန်အလှူရဲ့ အခြံအရံအဖြစ်နဲ့ ပစ္စည်းဝတ္ထုမျိုးစုံ လှူဒါန်းလိုက်တော့လည်း ကထိန်အလှူကို အကြောင်းပြုပြီး ကုသိုလ်ပိုတိုးသွားတာပေါ့။ ကုသိုလ်ဆိုတာကတော့ တိုးလေ ကောင်းလေပါပဲ။ ဒါပေမဲ့ ကထိန်ရဲ့ အနှစ်သာရ အဓိကအချက်ကိုတော့ မေ့မသွားဖို့ အထူးဂရုစိုက်ရပါမယ်။

စာသင်တိုက်တို့၊ ရိပ်သာတို့လို လူအများ ဆည်းကပ်ကိုးကွယ်နေကြတဲ့ ကျောင်းတိုက်တွေရဲ့ နှစ်စဉ်ကထိန်ဟာ ဘုံကထိန်ပဲ ဖြစ်သင့်ပါတယ်။ ဟိုလူကလည်း ကျောင်းတိုက်ကို ကျေးဇူးပြု၊ ဒီလူကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုနဲ့ သူ့နည်းသူ့ဟန်နဲ့သူ သူတတ်နိုင်တဲ့ဘက်ကနေ အားလုံးဝိုင်းဝန်းပြီး ကျောင်းတိုက်ကို ကျေးဇူးပြုနေကြတာဖြစ်တဲ့အတွက် ကျောင်းတိုက်ရဲ့ တစ်နှစ်မှာတစ်ခါသာလှူရတဲ့ ကထိန်ကုသိုလ်ပွဲမှာ ကျောင်းတိုက်ကို ကျေးဇူးပြုနေသူတွေ အားလုံး တစ်ယောက်မကျန် ပါဝင်ခွင့်ရမှ သဘာဝကျပါတယ်။

များများလှူတဲ့သူကလည်း ကျောင်းတိုက်ကို

http://www.dhammadownload.com

ကျေးဇူးပြုသလို နည်းနည်းလှူတဲ့သူကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုတာပါပဲ။ အမြဲတမ်း ဝေယျာဝစ္စလုပ်တဲ့ သူကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုသလို တစ်ခါတစ်ရံမှ (တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ဆိုသလို) ဝေယျာဝစ္စလုပ်တဲ့သူကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုတာပါပဲ။ နေ့စဉ်၊ သို့မဟုတ် ရက်ခြားဆွမ်းခံကြွနေတဲ့ ဆွမ်းခံရပ်ကွက်၊ ဆွမ်းခံလမ်းက ဆွမ်းဒကာ ဆွမ်းအမတွေကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုသလို ဝန်ထမ်းသဘောမျိုး ခန့်ထားတဲ့ ကျောင်းလုပ်သားတွေကလည်း ကျောင်းတိုက်ကို ကျေးဇူးပြုတာပါပဲ။

နေ့စဉ်၊ သို့မဟုတ် ရက်ခြား ဆွမ်းခံကြွပြီး သူတို့လှူတဲ့ ဆွမ်းကိုတော့ ကိုယ်က ယူနေပြီးတော့ (တချို့ကျောင်းလာသူ ဒကာ၊ ဒကာမတွေကလည်း သူတို့လှူထားတဲ့ ဆွမ်းကျန်ကိုတော့ စားနေပြီးတော့) အကျိုးအာနိသင် ထူးခြားတဲ့ ကထိန်အလှူကျမှ လှူခွင့်မပေးဘဲ ဘေးချိတ်ချောင်ထိုးထားတယ်ဆိုရင် သဘာဝကျပါ့မလား၊ သင့်တော်ပါ့မလား၊ ကိုယ့်မှာသူတော်ကောင်းစိတ် ရှိရာရောက်ပါ့မလား။

ကျောင်းတိုက်တစ်တိုက်အတွက် တစ်နှစ်မှာ

http://www.dhammadownload.com

တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကြိမ်ပဲ လှူခွင့်ရတဲ့ ကထိန်အလှူ (အလှူအားလုံးထဲမှာ အထူးခြား ဆုံးအလှူ) မှာ ကျောင်းတိုက်ကို ကျေးဇူးပြုနေသူ ဘယ်သူ့ ဘယ်သူကိုမှ ဘေးချိတ်ချောင်ထိုးမထားသင့်ပါဘူး။ အားလုံး ရဲ့ သူ့အပိုင်းနဲ့သူ ကူညီပံ့ပိုးမှုကြောင့်သာ ကျောင်းတိုက် လည်ပတ်နေနိုင်တာ ဖြစ်တဲ့အတွက် ကျောင်းတိုက်ကို ကူညီ ပံ့ပိုးပေးနေသူအားလုံး ကျောင်းတိုက်ရဲ့ ကထိန်မှာ ပါဝင်ခွင့် ရကိုရရပါ့မယ်။ ကျောင်းတိုက်ရဲ့ ကထိန်ဟာ အများကောင်း မှု 'ဘုံကထိန်' ဖြစ်ကိုဖြစ်ရပါမယ်။

တချို့က 'ဒီကျောင်းတိုက်မှာ နှစ်စဉ်နှစ်တိုင်း ကျွန်တော်/ကျွန်မ တစ်ဦးတည်းပဲ ကထိန်ခင်းပါ့မယ်'၊ 'ဒီ ကျောင်းတိုက်ရဲ့ ရာသက်ပန် ကထိန်အလှူရှင်အဖြစ် ကျွန် တော်/ကျွန်မပဲ တာဝန်ယူပါ့မယ်' လို့ ကိုယ်ဆည်းကပ် ကိုးကွယ်နေတဲ့ ကျောင်းတိုက်ရဲ့ ကထိန်ကို ကိုယ်ပိုင်ကထိန် အဖြစ် ရာသက်ပန် ကန်ထရိုက်ဆွဲထားတတ်ကြပါတယ်။ ရုတ်တရက်ကြည့်လိုက်ရင် သဒ္ဓါအားကြီးတယ်လို့ ထင်ရပေ မယ့် တကယ်တော့ သဒ္ဓါအားကြီးတာ မဟုတ်ပါဘူး၊ အတ္တ

http://www.dhammadownload.com

အားကြီးတာပါ။

တစ်နှစ်မှ တစ်ခါပဲ ခင်းခွင့်ရတဲ့ ကျောင်းတိုက်ကထိန်ဟာ ကိုယ်တစ်ဦးတည်းရဲ့ ကထိန်ပဲဖြစ်ရမယ်ဆိုတဲ့ အတ္တစိတ်ထဲမှာ ထူးခြားတဲ့ ကထိန်အလှူရဲ့ ထူးခြားတဲ့ အကျိုးအာနိသင်တွေကို ကိုယ်တစ်ယောက်တည်းပဲ ယူမယ်ဆိုတဲ့ လောဘတွေလည်း ပါနေသလို ထူးခြားတဲ့ အကျိုးအာနိသင်တွေ သူတစ်ပါး မရစေချင်တဲ့ မစ္ဆရိယတွေလည်း ပါနေပါတယ်။

ကိုယ်ဆည်းကပ်နေတဲ့ ကျောင်းတိုက်က တရားရိပ်သာဖြစ်နေပြီး ကိုယ်ကလည်း အဲဒီတရားရိပ်သာမှာ အားထုတ်နေတဲ့ တရားယောဂီဆိုရင်တော့ အဲဒီလို အတ္တစိတ်မျိုးပိုလို့တောင် မမွေးမြူသင့်ပါဘူး။

ကိုယ်တစ်ဦးတည်းကပဲ ကျောင်းတိုက်ကို အဖက်ဖက်က ကူညီထောက်ပံ့နေတယ်၊ တခြားဘယ်သူ့ရဲ့ အကူအညီမှ ကျောင်းတိုက်က မယူရဘူးဆိုရင်တော့ ကိုယ်တစ်ဦးတည်းကပဲ အဲဒီကျောင်းတိုက်မှာ နှစ်စဉ် ကထိန်ခင်းသင့်ပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ အားလုံးရဲ့ ဝိုင်းဝန်း ကူညီပံ့ပိုး

http://www.dhammadownload.com

မှုနဲ့ ကျောင်းတိုက်လည်ပတ်နေတာဆိုရင်တော့ ကိုယ်တစ်ဦးတည်း ကထိန်မခင်းဘဲ အားလုံးနဲ့ တိုင်ပင်ညှိနှိုင်းပြီး ဘုံကထိန်ပဲ ခင်းသင့်ပါတယ်။ ကိုယ်က များများလှူချင်ရင် လှူပေါ့၊ များများကူချင်ရင် ကူပေါ့။

ဘုံကထိန်ခင်းခြင်းအားဖြင့် … ထူးခြားတဲ့ ကထိန်အကျိုးကို ကိုယ်တစ်ဦးတည်းရချင်တဲ့ လောဘလည်း 'ကင်း' သွားပါတယ်၊ 'ငါ တစ်ဦးတည်း လှူဖို့ပြောထားတဲ့ ဥတ်သကာန်းထဲ ဘာလို့ ကုသိုလ်ဝင်ပါချင်ရတာလဲ' လို့ မကျေမနပ်ဖြစ်တဲ့ ဒေါသလည်း 'စင်'သွားပါတယ်၊ 'ငါတစ်ဦးတည်း ကထိန်အလှူရှင်' ဆိုတဲ့ မာနလည်း 'လွင့်' သွားပါတယ်။ ထူးခြားတဲ့ ကထိန်အလှူကို သူတစ်ပါး မရစေချင်တဲ့ မစ္ဆရိယလည်း 'ပျောက်'သွားပါတယ်။ လောဘ၊ ဒေါသ၊ မာန၊ မစ္ဆရိယဆိုတဲ့ ကိလေသာ (အပူစာတ်) တွေ ကင်း၊ စင်၊ လွင့်၊ ပျောက်နေတဲ့အတွက် စိတ်အစဉ်ဟာ ကြည်လင်သန့်ရှင်းပြီး အေးချမ်းချင်တိုင်း အေးချမ်းနေပါတယ်။

ထူးခြားတဲ့ ကထိန်အလှူကုသိုလ်ကြီး ကိုယ်ရသလို သူတစ်ပါးလည်း ရစေချင်တဲ့ မေတ္တာဓာတ်တွေ၊ ထူးခြားတဲ့

http://www.dhammadownload.com

ကထိန်အကျိုး သူတစ်ပါးတို့ ရကြတော့မှာကို တွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ မုဒိတာစေတ်တွေလည်း အထူးအားကောင်းနေပါတယ်။ ဂုဏ်ငယ်သူကို သနားညှာတာတဲ့ ကရုဏာစိတ်၊ ဂုဏ်ရှိဂုဏ်မဲ့, ချစ်သူမုန်းသူ မခွဲခြားတဲ့ ဥပေက္ခာစိတ်တွေလည်း အထူးလေးနက်စွာ ကိန်းဝပ်နေပါတယ်။

ကိုယ့်ကုသိုလ်ကို သူသာခုခေါ်၊ သူ့ကုသိုလ်ကို ကိုယ်သာခုခေါ်နဲ့ ကုသိုလ်ပီတိတွေကလည်း တစ်ဦးနဲ့တစ်ဦး ကြားမှာ လူးလာယှက်သန်းပြီး တစ်ဟုန်ထိုး တိုးတက်နေပါတယ်။ 'ဒီကထိန်မှာ ငါ့ရဲ့ ကုသိုလ်လည်းပါတယ်၊ ငါလည်း ကထိန်အလှူရှင်ပဲ' ဆိုတဲ့ စိတ်ကြောင့် လူတိုင်းလူတိုင်း ကထိန်ပွဲမှာ လုပ်စရာရှိတဲ့အလုပ်တွေကို ပိုပြီးတော့ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ လုပ်ဖြစ်တဲ့အတွက် သဒ္ဓါအရှိန်တွေ ဝီရိယအရှိန်တွေ၊ သတိ၊ သမာဓိအရှိန်တွေလည်း တောက်ပချင်တိုင်း တောက်ပနေပါတယ်။ ကထိန်ရဲ့ အကျိုး၊ အများစုပေါင်းလုပ်ဆောင်ခြင်းရဲ့ အကျိုးတွေကို သိရလို့လည်း ပညာစေတ်တွေ အထူးလင်းလက်ပြီး ထက်မြက်ချင်တိုင်း

http://www.dhammadownload.com

ထက်မြက်နေပါတယ်။

ဘုံကထိန်ခင်းခြင်းအားဖြင့် ... လောဘ၊ ဒေါသ၊ မာန၊ မစ္ဆရိယဆိုတဲ့ ကိလေသာတွေလည်း ကင်းစင်ပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားတွေလည်း တိုးပွားပါတယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ခန္တီ ဆိုတဲ့ သူတော်ကောင်းဓာတ်တွေလည်း အားကောင်းပါတယ်။

ကိလေသာကင်းစင်ခြင်းဆိုတဲ့ဂုဏ်အရှိန်၊ ဗြဟ္မစိုရ်တရား တိုးပွားခြင်းဆိုတဲ့ဂုဏ်အရှိန်၊ သူတော်ကောင်းဓာတ် အားကောင်းခြင်းဆိုတဲ့ ဂုဏ်အရှိန်တွေ တဝင်းဝင်း တလက်လက် တောက်ပပေါင်းစုနေတဲ့ ဘုံကထိန်ကောင်းမှုကို ပါရမီလိုလားတဲ့ သူတော်ကောင်းအပေါင်းတို့ စုပေါင်းညီညာ ပျော်ရွှင်စွာ ဆင်နွှဲကျင်းပကြမယ်ဆိုရင် သံသရာမှာ ထူးခြားဆန်းကြယ်တဲ့ ကောင်းကျိုးတွေကို အတူတကွ ခံစားရင်း နိဗ္ဗာန်စခန်း ဗောဓိနန်းကို အတူတကွ ပျော်ရွှင်စွာ တက်လှမ်းနိုင်ကြမှာ မလွဲဧကန်ပါ။

ဂုဏ်ရှိန်ပေါင်းစုတဲ့ ဘုံကထိန်ကောင်းမှုကို ပျော်ရွှင်

http://www.dhammadownload.com

စွာ ဆင်နွှဲနိုင်ကြပါစေ .....။

မေတ္တာဖြင့် ...

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com



# ကထိန်ရဲ့အနှစ်သာရ

အရှင်ဘုရား ....

ရိုးရိုးသင်္ကန်းလှူတဲ့အလှူနဲ့ ကထိန်သင်္ကန်း လှူတဲ့ အလှူ အကျိုးအာနိသင်ချင်း ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိပါရစေဘုရား။

**မောင်မျိုးသိန်း၊ ပဲခူးမြို့။**

ဒကာမျိုးသိန်း ....

ကထိန်ရာသီမှာ ကထိန်ခင်းဖို့ လှူကြလို့သာ 'ကထိန်သင်္ကန်း' လို့ ခေါ်နေကြပေမယ့် ကထိန်သင်္ကန်းဆိုပြီး ပုံစံတစ်မျိုးနဲ့ ချုပ်ထားတဲ့ သီးခြားသင်္ကန်း မရှိပါဘူး။ ပုံမှန်အတိုင်းချုပ်ထားတဲ့ သင်္ကန်းကိုပဲ ကထိန်ခင်းဖို့ လှူလို့

http://www.dhammadownload.com

ကထိန်သင်္ကန်းလို့ ခေါ်တာပါ။

သင်္ကန်းဆိုင်တွေကလည်း ကထိန်ရာသီ ရောက်ပြီ ဆိုရင် 'ကထိန်သင်္ကန်းရပြီ' လို့ ကြော်ငြာလေ့ရှိကြပါတယ်။ ဝယ်သူစိတ်ဝင်စားအောင် လုပ်တဲ့ အရောင်းမြှင့်တင်ခြင်း သက်သက်ပါပဲ။ တစ်နည်းပြောရင်တော့ ကထိန်ရာသီမှာ သင်္ကန်း မလှူမဖြစ် လှူဖြစ်သွားအောင် သဒ္ဒါနှိုးလိုက်တဲ့ သဘောပါပဲ။ တကယ်တော့ ကထိန်သင်္ကန်းရယ်လို့ သင်္ကန်း အမျိုးအစား သီးခြားမရှိပါဘူး။ ပုံမှန်ဝတ်နေကျ ရိုးရိုးသင်္ကန်း ကိုပဲ ကထိန်ခင်းဖို့ လှူလို့ ကထိန်သင်္ကန်းလို့ ခေါ်တာပါ။

ရိုးရိုးသင်္ကန်းနဲ့ ကထိန်သင်္ကန်း .... သင်္ကန်းရဲ့ ပုံစံချင်းကတော့ အတူတူပါပဲ။ ဒါပေမဲ့ သင်္ကန်းရဲ့ စွမ်းရည် သတ္တိချင်းကတော့ ကွဲပြားပါတယ်။ ရိုးရိုးသင်္ကန်းက ဝတ်ရုံ သုံးစွဲရခြင်းဆိုတဲ့ အကျိုးကိုပဲ ပေးနိုင်ပါတယ်။ ကထိန် သင်္ကန်းကတော့ ဝတ်ရုံသုံးစွဲရခြင်းဆိုတဲ့ အကျိုးအပြင် ကထိန် အာနိသင်(၅)ပါးဆိုတဲ့ ထူးခြားတဲ့ အကျိုးတွေကိုလည်း ပေး နိုင်ပါတယ်။

ကထိန်အာနိသင်(၅)ပါးဆိုတာကတော့ ...

http://www.dhammadownload.com

(၁) မပန်ကြားဘဲ သွားလာနိုင်ခြင်း၊

(၂) သက်န်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်း၊

(၃) ပင့်နည်းမှားသော ဆွမ်းဘောဇဉ်ကို စားသုံးနိုင်ခြင်း၊

(၄) သင်္ကန်းအပို လိုသလောက် ထားသုံးနိုင်ခြင်း၊

(၅) သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်း …ဆိုတဲ့ အကျိုးအာနိသင်(၅)ပါးပါပဲ။ နားလည်အောင် နည်းနည်းချဲ့ပြောရမယ်ဆိုရင်…

(၁) 'မပန်ကြားဘဲ သွားလာနိုင်ခြင်း' ဆိုတာကတော့ … ရဟန်းတော်တွေဟာ မွန်းမတည့်ခင်မှာ မြို့ထဲရွာထဲ ဆွမ်းစားပင့်ထားတဲ့ အိမ်မှတစ်ပါး တခြားအိမ်တွေကို သွားမယ်ဆိုရင် အနားမှာ ထင်ရှားရှိတဲ့ ရဟန်းတစ်ပါးပါးကို ပန်ကြားပြီးမှ သွားရပါတယ်။ မပန်ကြားဘဲ သွားရင် ဆွမ်းပင့်အိမ်မှာ ဆွမ်းမစားခင်ပဲ သွားသွား၊ ဆွမ်းစားပြီးမှပဲ သွားသွား အာပတ်သင့်ပါတယ်၊ အပြစ်ဖြစ်ပါတယ်။

ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန်

http://www.dhammadownload.com

အာနိသင်ရသွားတဲ့ ရဟန်းတော်တွေကတော့ မပန်ကြားဘဲ သွားလည်း အာပတ်မသင့်တော့ပါဘူး၊ အပြစ်မဖြစ်တော့ ပါဘူး။ (စာရိတ္တသိက္ခာပုဒ်အရ သင့်မယ့် ပါစိတ်အာပတ်နဲ့ ဆက်စပ်ရာ ဒုက္ကဋ်အာပတ်တွေကနေ လွတ်ငြိမ်းချမ်းသာခွင့် ရသွားပါတယ်။)

(၂) 'သင်္ကန်းသုံးထည် မယူဆောင်ဘဲ သွားလာ နိုင်ခြင်း' ဆိုတာကတော့ …ရဟန်းတော်တွေဟာ တိစီဝရိတ် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည်ကို ကိုယ်နဲ့မကွာ အမြဲ ဆောင်ထားရပါတယ်။ တစ်ညတာ ကင်းကွာလို့တောင် မရပါဘူး။ အရုဏ်တက်ချိန်မှာ ကိုယ့်အနား (နှစ်တောင့်ထွာ အတွင်း) အဲဒီသင်္ကန်းသုံးထည် မရှိရင် အာပတ်သင့်ပါတယ်။ အဲဒီသင်္ကန်းကိုလည်း စွန့်ပစ်ရပါတယ်။ ဒါ့ကြောင့် ခရီးသွား တဲ့အခါ တိစီဝရိတ်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည်ကို သွားလေရာ ယူဆောင်သွားရပါတယ်။

ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန် အာနိသင်ရသွားတဲ့ ရဟန်းတော်တွေကတော့ အရုဏ်တက် တဲ့အချိန် ကိုယ့်အနားမှာ အဲဒီသင်္ကန်းသုံးထည် ရှိမနေလည်း

http://www.dhammadownload.com

အာပတ်မသင့်တော့တဲ့အတွက် တိစီဝရိတ် အဓိဋ္ဌာန်တင်ထား တဲ့ သင်္ကန်းသုံးထည်ကို သွားလေရာ ယူဆောင်သွားစရာ မလိုတော့ပါဘူး။ (ဒုတိယကထိနသိက္ခာပုဒ်အရ သင့်မယ့် နိဿဂ္ဂိပါစိတ်အာပတ်ကနေ လွတ်ငြိမ်းချမ်းသာခွင့် ရသွားပါ တယ်။)

'တိ'ဆိုတာ 'သုံး'၊ 'စီဝရိတ်' ဆိုတာ 'သင်္ကန်း'၊ 'တိစီဝရိတ်'ဆိုတော့ 'သင်္ကန်းသုံးထည်' …၊ ခါးဝတ် သင်းပိုင်၊ ကိုယ်ရုံ ကောသီနဲ့ နှစ်ထပ်သင်္ကန်းကြီး ဒုကုဋ်ဆိုတဲ့ သင်္ကန်းသုံးထည်….။

ဝတ်စရာ အဝတ်သင်္ကန်းတွေ အများကြီးရှိတဲ့အထဲ က ဒီအဝတ် သင်္ကန်းကို သင်းပိုင်အဖြစ်၊ ဒီအဝတ်သင်္ကန်း ကို ကောသီအဖြစ်၊ ဒီအဝတ်သင်္ကန်းကို ဒုကုဋ်အဖြစ် အသုံးပြု ပါ့မယ်လို့ အဓိဋ္ဌာန်တင်တာကို တိစီဝရိတ် အဓိဋ္ဌာန်တင် တယ်လို့ ခေါ်ပါတယ်။ မိမိရဲ့ အိမ်ထောင်ဖက်ကို သားမှတ် မှတ်၊ မယားမှတ်မှတ် ပေါင်းပါ့မယ်လို့ ကတိပြုသလိုမျိုး ဒီသင်္ကန်းကို သင်းပိုင်မှတ်မှတ် ဝတ်ပါ့မယ်၊ ကောသီမှတ်မှတ် ရုံပါ့မယ်၊ ဒုကုဋ်မှတ်မှတ် ခြုံပါ့မယ်လို့ ကတိပြုလိုက်တာပါ

http://www.dhammadownload.com

ပဲ။

(၃) 'ပင့်နည်းမှားသော ဆွမ်းဘောဇဉ်ကို စားသုံးနိုင်ခြင်း' ဆိုတာကတော့ .... ရဟန်းတော်တွေဟာ ဒကာဒကာမတွေက 'ထမင်းစားကြွပါ'၊ 'မုန့်စားကြွပါ'လို့ မအပ်စပ်တဲ့ အရပ်သုံးစကားနဲ့ ပင့်ဖိတ်လျှုဒါန်းတဲ့ ဆွမ်းဘောဇဉ်တွေကို ခံယူခွင့်၊ စားသုံးခွင့် မရှိပါဘူး။ လေးပါး၊ သို့မဟုတ် လေးပါးအထက် ရဟန်းတော်တွေ စုပေါင်းပြီး ခံယူခဲ့၊ စားသုံးခဲ့ရင် အာပတ်သင့်ပါတယ်။

ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန်အာနိသင်ရသွားတဲ့ရဟန်းတော်တွေကတော့ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဘယ်လိုပဲ ပင့်ပင့် အတူတကွ ခံယူခွင့်၊ စားသုံးခွင့် ရသွားပါတယ်။ ခံယူခြင်း၊ စားသုံးခြင်းကြောင့် အာပတ်မသင့်တော့ပါဘူး။ (ဂဏဘောဇနေသိက္ခာပုဒ်အရ သင့်မယ့် ပါစိတ်အာပတ်နဲ့ ဆက်စပ်ရာ ဒုက္ကဋ်အာပတ်တွေကနေ လွတ်ငြိမ်းချမ်းသာခွင့် ရသွားပါတယ်။)

ရဟန်းတော်တွေကို ဆွမ်းစားပင့်တဲ့အခါ 'မုန့်ဟင်းခါးဘုဉ်းပေးဖို့ကြွပါ'၊ ခေါက်ဆွဲကြော် စားဖို့ကြွပါ' ...စတဲ့

http://www.dhammadownload.com

လူသုံးစကားနဲ့ မပင့်ရပါဘူး။ 'မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးဖို့ကြွပါ'၊ 'ခေါက်ဆွဲကြော်ဆွမ်း စားဖို့ကြွပါ' စတဲ့ ရဟန်းသုံးစကားနဲ့ ပင့်ရပါတယ်။ ထမင်းကိုသာ ဆွမ်းလို့ ပြောင်းပြောရမှာမဟုတ်ပါဘူး။ ဘာစားဖွယ်ကိုပဲဖြစ်ဖြစ် 'ဆွမ်း'ဆိုတဲ့ စကားလုံးလေး ထည့်ပြောရမှာပါ။

မုန့်တီကို၊ ပလာတာကို…၊ ငါးဟင်းကို၊ ကြက်သားကြော်ကို …၊ ပေါင်မုန့်ကို၊ ကိတ်မုန့်ကို … အလှူခံပါလို့ မလျှောက်ထားရပါဘူး။ မုန့်တီဆွမ်းကို၊ ပလာတာဆွမ်းကို …၊ ငါးဟင်းဆွမ်းကို၊ ကြက်သားကြော်ဆွမ်းကို…၊ ပေါင်မုန့်ဆွမ်းကို၊ ကိတ်မုန့်ဆွမ်းကို …အလှူခံပါလို့ လျှောက်ထားရပါတယ်။

ရဟန်းတော်တွေကိုယ်တိုင်ကလည်း ဒကာ ဒကာမတွေကို 'မုန့်ဟင်းခါးလှူပါ'၊ 'ခေါက်ဆွဲကြော် ကပ်ပါ'၊ 'အုန်းထမင်းချက်ပေးပါ'၊ 'ကြက်သားကြော် ကြော်ပေးပါ' စတဲ့ သာသနာနဲ့ မအပ်စပ်တဲ့ အရပ်သုံးစကားနဲ့ ပြောဆိုပြီး အလှူမခံကောင်းပါဘူး။

(၄) 'သင်္ကန်းအပို လိုသလောက် ထားသုံးနိုင်ခြင်း'

http://www.dhammadownload.com

ဆိုတာကတော့… ရဟန်းတော်တွေဟာ အသစ်အသစ် ရလာတဲ့ အပိုသင်္ကန်းတွေကို ဆယ်ရက်အတွင်း အဓိဋ္ဌာန် တင်ရပါတယ်၊ သို့မဟုတ် ဝိကပ္ပနာပြုရပါတယ်။ အဓိဋ္ဌာန် မတင်၊ ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ကျော်လွန်သွားရင် အာပတ်သင့်ပါတယ်။ အဲဒီသင်္ကန်းကိုလည်း စွန့်ပစ်ရပါ တယ်။ စွန့်မပစ်ဘဲ ဝတ်ရင် ဝတ်တိုင်း၊ ဝတ်တိုင်း အာပတ် တွေ အများကြီး ထပ်သင့်ပါတယ်။

ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန်အာနိ သင်ရသွားတဲ့ ရဟန်းတော်တွေကတော့ ရလာသမျှ အပို သင်္ကန်းတွေကို ဆယ်ရက်အတွင်း အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုလည်း အာပတ်မသင့်တော့ပါဘူး။ အသစ်လာလှူသမျှ သင်္ကန်းတွေကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုဘဲ ဆယ်ရက် မက ထားချင်သလောက်ထားပြီး အလိုရှိသလို သုံးစွဲနိုင်သွား ပါတယ်။

(၅) 'သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်း' ဆို တာကတော့ … ရဟန်းတော်တွေဟာ ကျောင်းတိုက်အတွင်း 'သံဃဿ ဒေမ'လို့ နှုတ်မြွက်ရွတ်ဆိုပြီး လာရောက်

http://www.dhammadownload.com

လှူဒါန်းတဲ့ သင်္ကန်းတွေကို ကိုယ့်လက်ထဲ လာလှူလို့ဆိုပြီး ကိုယ်တစ်ယောက်တည်း သုံးစွဲပိုင်ခွင့် မရှိပါဘူး။ 'သံဃဿ ဒေမ= သံဃာတော်အား လှူပါ၏' လို့ နှုတ်မြွက်ရွတ်ဆိုပြီး လှူတဲ့ သင်္ကန်းမှန်သမျှ ကျောင်းတိုက်အတွင်းမှာရှိတဲ့ သံဃာအားလုံးပိုင်တဲ့ သံဃိကသင်္ကန်း (သံဃာပိုင်သင်္ကန်း) ဖြစ်သွားတဲ့အတွက် အဲဒီသင်္ကန်းတွေကို ကျောင်းတိုက် သံဃာအားလုံး အညီအမျှ ခွဲဝေယူကြရပါတယ်။

အပါးစေ့ ဝေလောက်ရင် အပါးစေ့ဝေယူ၊ အပါးစေ့ မဝေလောက်ရင် ထေရ်စဉ် ဝါစဉ်အလိုက် (ကြီးစဉ် ငယ်လိုက်)ယူ၊ သို့မဟုတ် မဲချပြီး ယူ၊ သို့မဟုတ် သံဃာ့သဘောတူညီချက်နဲ့ နှမ်းပါးတဲ့ သံဃာတွေယူ …စသည်အားဖြင့် ဝိနည်းစည်းကမ်းနဲ့အညီ ခွဲဝေသုံးစွဲကြရပါတယ်။ သံဃိက သင်္ကန်း (သံဃာပိုင်သင်္ကန်း)ကို သံဃာ့ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂလိကသင်္ကန်း (ကိုယ်ပိုင်သင်္ကန်း) လုပ်ပြီး သုံးစွဲရင် အာပတ်သင့်ပါတယ်။

ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ကထိန် အာနိသင်ရသွားတဲ့ ရဟန်းတော်တွေကတော့ ကျောင်းတိုက်

http://www.dhammadownload.com

အတွင်း လာလှူသမျှ 'သံဃိကသင်္ကန်း'တွေကို ကထိန် အာနိသင်ရတဲ့ ရဟန်းတော်တွေချည်းပဲ သီးသန့် ခွဲဝေသုံးစွဲခွင့် ရသွားပါတယ်။ ကထိန်အာနိသင်မရတဲ့ ရဟန်းတော်တွေ … ဝါကျိုး ဝါပြတ်တဲ့ရဟန်း၊ ဒုတိယဝါဆိုတဲ့ရဟန်း၊ တခြားကျောင်းက ပြောင်းလာတဲ့ရဟန်းတွေကို ခွဲဝေပေးစရာ မလိုတော့ပါဘူး။ အဲဒီလို ခွဲဝေမပေးလို့လည်း ဘာအာပတ်မှ မသင့်တော့ပါဘူး။ (ဝါခေါင်လပြည့်ကျော် (၁)ရက်မှာ ဝါဆို တဲ့ရဟန်းကို ဒုတိယဝါဆိုတဲ့ရဟန်းလို့ ခေါ်ပါတယ်။ တန် ဆောင်မုန်းလပြည့်နေ့မှ ဝါကျွတ်ပါတယ်။)

'သံဃိကသင်္ကန်း'ဆိုတဲ့အထဲမှာ 'သံဃာအား လှူပါ၏'လို့ ရွတ်ဆိုလှူဒါန်းတဲ့ သင်္ကန်းတွေအပြင် … ကထိန်ခင်းထားတဲ့ ကျောင်းတိုက်အတွင်းမှာ မိမိပိုင်ပစ္စည်းကို ဘယ်သူ့ကိုမှ မပေးမလှူဘဲ ပျံလွန်တော်မူသွားတဲ့ ရဟန်းရဲ့ သင်္ကန်း (မတသန္တကသင်္ကန်း)၊ ကထိန်ခင်းတဲ့ ကျောင်းတိုက် ပိုင် လယ်ယာခြံမြေစသည်က ထွက်တဲ့ပစ္စည်းတွေနဲ့ လဲလှယ် လို့ ရရှိလာတဲ့ သင်္ကန်း …စတဲ့ သံဃာပိုင်သင်္ကန်း မှန်သမျှ အကုန်ပါဝင်ပါတယ်။

http://www.dhammadownload.com

အခု ပြောခဲ့တဲ့ ကထိန်အာနိသင် (၅) ပါးထဲက ဒုတိယအာနိသင်ကလွဲရင် ကျန်တဲ့အာနိသင်လေးပါးကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ကာလ တစ်လအတွင်းမှာ ကထိန်ခင်းတဲ့ ရဟန်းတော်တွေရော၊ ကထိန်မခင်းတဲ့ ရဟန်းတော်တွေရော၊ ရဟန်းတော်အားလုံး အလိုအလျောက် ရရှိနိုင်ပါတယ်။

ဒုတိယအာနိသင် (သင်္ကန်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်း) ကတော့ ကထိန်မခင်းတဲ့ ရဟန်းတော်တွေ လုံးဝ မရနိုင်ပါဘူး။ ကထိန်ခင်းတဲ့ ရဟန်းတော်တွေပဲ ရနိုင်ပါတယ်။

ကထိန်ခင်းလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ဒုတိယအာနိသင်နဲ့တကွ ကထိန်အာနိသင်(၅)ပါးလုံး ကထိန်ခင်းတဲ့နေ့ကနေ တပေါင်းလပြည့်နေ့အထိ ကထိန်ခင်းတဲ့ ရဟန်းတော်တွေ ရရှိသွားပါတယ်။

သီတင်းကျွတ်လပြည့်ကျော် တစ်ရက်ကနေ တန်-ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ကာလ တစ်လအတွင်းမှာ

http://www.dhammadownload.com

ရရှိနေတဲ့ ကထိန်အာနိသင်တွေကို တပေါင်းလပြည့်နေ့အထိ (ငါးလအထိ) ပြန့်သွားအောင် ဖြန့်ခင်းလိုက်တာကိုပဲ ကထိန်ခင်းတယ်လို့ ခေါ်ပါတယ်။

'ကထိနတ္ထာရ = ကထိန + အတ္ထာရ = ကထိန် + ခင်း' ဆိုတဲ့ စကားရပ်ထဲက 'ကထိန = ကထိန်' ဆိုတာ မြဲမြဲခိုင်ခံ့ခြင်း (ထိရ)လို့ အဓိပ္ပာယ်ရပါတယ်။ ကထိန်အာနိသင် (၅)ပါးကို ကျောင်းတိုက်အပြင်ဘက် ထွက်မသွားဘဲ ကျောင်းတိုက်အတွင်းမှာပဲ မြဲမြဲခိုင်ခံ့နေအောင် ပြုလုပ်နိုင်စွမ်းရှိတဲ့ ဝိနည်းကံတစ်မျိုးကို 'ကထိန်'လို့ ခေါ်ပါတယ်။

'အတ္ထာရ' ဆိုတာ ခင်းတယ်လို့ အဓိပ္ပာယ်ရပါတယ်။ လိပ်ထားတဲ့ ဖျာကို ပြန့်သွားအောင် ဖြေခင်းလိုက်သလို၊ ခေါက်ထားတဲ့ အဝတ်ကို ပြန့်သွားအောင် ဖြန့်ခင်းလိုက်သလို ကထိန်အာနိသင်ကို တစ်လကနေ ငါးလအထိ ပြန့်သွားအောင် ဖြန့်ခင်းလိုက်တာကို 'ကထိန်ခင်းတယ်'လို့ ခေါ်ပါတယ်။

ကထိန်ခင်းတဲ့အလုပ်ကို ရဟန်းတော်တွေပဲ လုပ်လို့ရပါတယ်။ ဒကာ ဒကာမတွေ လုံးဝ လုပ်လို့ မရပါဘူး။

— — — —

http://www.dhammadownload.com

'ဘယ်ဒကာ ဒကာမ ဘယ်ကျောင်းမှာ ကထိန်ခင်းတယ်' ဆိုတဲ့ စကားတွေက ကထိန်ခင်းမယ့် သင်္ကန်းလှူတာကိုပဲ ကထိန်ခင်းတယ်လို့ တင်စားပြီး ပြောနေကြတာပါ။ 'ဒီနှစ်တို့ဘယ်ကျောင်းမှာ ကထိန်ခင်းတယ်' လို့ပြောနေကြပေမယ့် ကထိန်ခင်းတာမဟုတ်ပါဘူး၊ ကထိန်ခင်းမယ့် သင်္ကန်း လှူတာပါ။

ကထိန်ခင်းရဟန်းတော်တွေ ကထိန်အာနိသင် ရသွားတာဟာ ကထိန်အလှူရှင်တွေလှူတဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းလိုက်လို့ ရသွားတာဖြစ်တဲ့အတွက် တူသော အကျိုးပေးတတ်တဲ့ ကံတရားရဲ့ သဘာဝနိယာမအတိုင်း ကထိန်အလှူရှင်တွေလည်း ကထိန်အာနိသင်(၅)ပါးနဲ့ အလားတူကောင်းကျိုးတွေ ရနိုင်ပါတယ်။

'မပန်ကြားဘဲ သွားလာနိုင်ခြင်း' ဆိုတဲ့ ကထိန်အာနိသင်(၁)နဲ့ အလားတူကောင်းကျိုးကတော့ 'လွတ်လပ်စွာ သွားလာနိုင်ခြင်း' ဆိုတဲ့ ကောင်းကျိုးပါပဲ။ ဘယ်နေရာ ဘယ်ဒေသကိုပဲသွားသွား အပိတ်အပင် အဆီးအတားမရှိ၊ အနှောင့်အယှက် အဟန့်အတားမရှိ လွတ်လပ်စွာ သွားလာ

http://www.dhammadownload.com

နိုင်ပါတယ်။ ဘယ်ခရီးကိုမဆို ကိုယ့်စိတ်တိုင်းကျ၊ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် သွားလာနိုင်ပါတယ်။

တစ်နည်းအားဖြင့် ကိုယ့်ရဲ့ဘဝခရီးလမ်း ဖြောင့်တန်းသွားပါတယ်။ ကိုယ်လျှောက်လှမ်းနေတဲ့ ဘဝခရီးလမ်းမှာ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာကောင်းတဲ့ အပိတ်အပင် အဆီးအတားတွေ၊ အနှောင့်အယှက်အဟန့်အတားတွေ လုံးဝကင်းရှင်းပြီး၊ ရှိလာခဲ့ရင်လည်း အလွယ်တကူ ကျော်လွှားနိုင်ပြီး ပန်းခင်းလမ်းလေးကို အေးချမ်းစွာ လျှောက်လှမ်းရပါလိမ့်မယ်။

'သင်္ကန်းသုံးထည် မယူဆောင်ဘဲသွားလာနိုင်ခြင်း' ဆိုတဲ့ ကထိန်အာနိသင်(၂)နဲ့ အလားတူကောင်းကျိုးကတော့ 'ဝန်ထုပ်ဝန်ပိုးပေါ့ပါးခြင်း' ဆိုတဲ့ကောင်းကျိုးပါပဲ။ ဘယ်ခရီးကိုပဲသွားသွား ဝန်ထုပ်ဝန်ပိုးပေါ့ပေါ့ပါးပါးနဲ့၊ သယ်စရာပစ္စည်း နည်းနည်းလေးနဲ့ သက်သောင့်သက်သာ သွားလာနိုင်ပါတယ်။ သယ်စရာပစ္စည်းများနေရင်လည်း သယ်ပေးမယ့်သူ အဆင်သင့်၊ သယ်ပေးမယ့်ယာဉ် အဆင်သင့်နဲ့မို့ သက်သက်သာသာအေးအေးဆေးဆေးပါပဲ။

— — — —

http://www.dhammadownload.com

တစ်နည်းအားဖြင့် ကိုယ့်ဘဝရဲ့ လုပ်ငန်းတာဝန်တွေ ပေါ့ပါးသွားပါတယ်။ ဝန်ထမ်းလည်း ဝန်ထမ်းမို့၊ စီးပွားရေးသမားလည်း စီးပွားရေးသမားမို့ ကိုယ့်ရဲ့အလုပ်ကိစ္စတွေကို ဝန်ထုပ်ဝန်ပိုး ပေါ့ပါးစွာနဲ့ မပင်မပန်းချမ်းသာစွာ လုပ်ဆောင်နိုင်ပါတယ်။ ဘယ်လောက်ကြီးမားများပြားတဲ့ အလုပ်ဖြစ်ဖြစ် ပေါ့ပေါ့ပါးပါး သက်သက်သာသာနဲ့ အေးအေးဆေးဆေး ပြီးစီးသွားပါလိမ့်မယ်။ ဘယ်အလုပ်ကြောင့်မှ ကိုယ်စိတ်နှစ်ပါး ပင်ပန်းရတယ်၊ လေးလံရတယ်၊ စိတ်ဖိစီးရတယ်ဆိုတာ မရှိတော့ပါဘူး။

'ပင့်နည်းမှားသောဆွမ်းဘောဇဉ်ကို စားသုံးနိုင်ခြင်း' ဆိုတဲ့ကထိန်အာနိသင်(၃)နဲ့ အလားတူကောင်းကျိုးကတော့ 'အစားအသောက် အန္တရာယ်ကင်းရှင်းခြင်း' ဆိုတဲ့ ကောင်းကျိုးပါပဲ။ ကိုယ်စားမယ့်အစားအသောက်ကို ဘယ်သူကမှ ပယောဂနည်း၊ အောက်လမ်းနည်း၊ စုန်းကဝေနည်း စတဲ့ ယုတ်မာတဲ့နည်းလမ်းတွေနဲ့ မကောင်းကြံလို့၊ ပြုစားလို့ မရတော့ပါဘူး။ မကောင်းကြံထား၊ ပြုစားထားတဲ့ အစားအသောက်တွေကို ကိုယ်စားမိရင်လည်း ဘာအဆိပ်

http://www.dhammadownload.com

အတောက်မှမဖြစ်တော့ဘဲ အန္တရာယ် ကင်းရှင်းသွားပါတယ်။

တစ်နည်းအားဖြင့် အစားအသောက်ပေါများ ပြည့်စုံသွားပါတယ်။ အစားအသောက်နဲ့ပတ်သက်လို့ ဘာမှ ပူပင်ကြောင့်ကြစရာမလိုဘဲ ကျွေးမွေးမယ့်သူ၊ ပြုစုမယ့်သူတွေ ဝိုင်းဝိုင်းလည်နေပါလိမ့်မယ်။

'သင်္ကန်းအပို လိုသလောက် ထားသုံးနိုင်ခြင်း' ဆိုတဲ့ ကထိန်အာနိသင်(၄)နဲ့ အလားတူကောင်းကျိုးကတော့ 'အဝတ်အထည်ပေါများခြင်း' ဆိုတဲ့ ကောင်းကျိုးပါပဲ။ ကိုယ်ကလည်း အဝတ်လှူတာဖြစ်၊ အလှူခံယူသူတွေမှာလည်း အဝတ်ရသွားတာဖြစ်လို့သာ အဝတ်အထည် ပေါများခြင်း အကျိုးရနိုင်တယ်လို့ ဆိုရပေမယ့် အဝတ်အထည်တွင် မက ပါဘူး၊ အသုံးအဆောင်ပစ္စည်းမျိုးစုံ ပေါများခြင်းအကျိုး၊ လာဘ်လာဘမျိုးစုံ ပေါများခြင်းအကျိုးတွေလည်း ရနိုင်ပါတယ်။

'သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်း' ဆိုတဲ့ ကထိန်အာနိသင်(၅)နဲ့ အလားတူကောင်းကျိုးကတော့ 'ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးခြင်း' ဆိုတဲ့ကောင်းကျိုးပါပဲ။ ကိုယ်

http://www.dhammadownload.com

ရသင့်ရထိုက်တဲ့ အခွင့်အရေး မှန်သမျှ အပြည့်အဝ ရနိုင်ပါတယ်။ ကိုယ့်ရဲ့ကိုယ်ပိုင်အခွင့်အရေးကို ဘယ်သူကမှ ပိတ်ပင်ဟန့်တားလို့ မရတော့ပါဘူး။ ပြီးတော့ …ကိုယ်ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာ၊ သက်ရှိသက်မဲ့ အသုံးအဆောင်တွေကိုလည်း ဘယ်ရန်သူမျိုးငါးပါးကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရတော့ပါဘူး။

ကထိန်အလှူရှင်တွေရမယ့် ကောင်းကျိုး(၅) မျိုးကို လိုရင်း ပြန်ပြောရရင် …

(၁) လွတ်လပ်စွာ သွားလာနိုင်ခြင်း၊

(၂) ဝန်ထုပ်ဝန်ပိုး ပေါ့ပါးခြင်း၊

(၃) အစားအသောက် အန္တရာယ်ကင်းရှင်းခြင်း၊

(၄) အဝတ်အထည် ပေါများခြင်း၊

(၅) ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးခြင်း….တို့ပါပဲ။

အဲဒီ အကျိုး(၅)မျိုးထဲမှာ အဓိကအကျဆုံး အကျိုးကတော့ 'ဝန်ထုပ် ဝန်ပိုး ပေါ့ပါးခြင်း' ပါပဲ။ ကထိန်ခင်းရဟန်းတော်တွေ ရမယ့် ကထိန်အာနိသင် (၅)ပါးထဲမှာရော၊ ကထိန်အလှူရှင်တွေ ရမယ့် ကောင်းကျိုး (၅) မျိုးထဲမှာပါ

http://www.dhammadownload.com

အမိကပဓာနအကျဆုံး အကျိုးက 'ဝန်ထုပ် ဝန်ပိုး ပေါ့ပါး ခြင်း' ဆိုတဲ့ အကျိုးပါပဲ။

ကထိန်ခင်းဖို့ မြတ်စွာဘုရား ခွင့်ပြုခဲ့တာကိုက 'ဝန်ထုပ်ဝန်ပိုး ပေါ့ပါးခြင်း' ဆိုတဲ့ အကျိုးရစေချင်လို့ပါ။ ဝန်ထုပ်ဝန်ပိုးတွေကို ခေတ္တခဏ ပစ်ချထားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ မြတ်စွာဘုရား ကထိန်ခင်းဖို့ ခွင့်ပြုခဲ့တာပါ။

ဒီအကြောင်းပေါ်လွင်အောင် ကထိန်သမိုင်း အကျဉ်းချုပ်လေး အာရုံပြုကြည့်ရအောင်လေ ...။

မြတ်စွာဘုရား၊ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူနေတဲ့အချိန်။ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်လို့ နာမည်ကြီးတဲ့ ပါဝေယျကတိုင်းသား (ပါဝါပြည်သား) ခုတင်ဆောင် ရဟန်းတော်အပါး သုံးဆယ်ဟာ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ပါဝါမြို့ကနေ သာဝတ္ထိမြို့ကို ဝါဆိုအမီကြွချီလာခဲ့ကြပါတယ်။

ဝါဆိုခါနီးမှ ကပ်ပြီး ကြွလာကြတာဆိုတော့ သာဝတ္ထိကို ဝါဆိုအမီ မရောက်တော့ဘဲ သာဝတ္ထိနဲ့ ခြောက်ယူဇနာ (၄၈ မိုင်) ဝေးတဲ့ သာကေတမြို့မှာပဲ ဝါဆိုဝါကပ်

http://www.dhammadownload.com

လိုက်ကြရပါတယ်။

ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာလို မြတ်စွာဘုရားအနားရောက်ခါနီးမှ မဖူးတွေ့ရတာမို့ ရဟန်းတော်များဟာ ဝါတွင်းသုံးလလုံး မပျော်မမွေ့ဘဲ အချိန်ကုန်ခဲ့ကြရပါတယ်။ ဝါကျွတ်လို့ ပဝါရဏာပြုပြီးတာနဲ့ သာဝတ္ထိကို ချက်ချင်းကြွတော်မူကြပါတယ်။

ဝါကျွတ်ပေမယ့် မိုးကမကုန်သေးတော့ မိုးကြီးလေကြီးထဲမှာပဲ ပင်ပန်းဆင်းရဲစွာ ကြွကြရပါတယ်။ မိုးက အသည်းအထန်ရွာ၊ လမ်းက ရေတင်းကျမ်းပြည့်၊ ရွှံ့တွေဗွက်တွေက တင်ပါးထိနစ်၊ ဒီကြားထဲ နှစ်ထပ်သင်္ကန်းထူထူကြီးတွေထဲ ရေကဝင်နေလို့ သင်္ကန်းရေအိတ်ကြီးတွေကို လေးလေးလံလံ ထမ်းထားရသေး၊ ခရီးလည်းမတွင်၊ လူလည်း အင်မတန်ပင်ပန်းကြပါတယ်။

ခါးဝတ်သင်းပိုင်နဲ့ ကိုယ်ရုံ ကောသီလောက်ပဲ ဆိုရင်တော့ သင်္ကန်းဝန်ထုပ် သိပ်မလေးပါဘူး။ အခုတော့ ရေဝင်နေတဲ့ နှစ်ထပ်သင်္ကန်းကြီးတွေကိုပါ သယ်လာရတော့ အရမ်းလေးပြီး အရမ်းပင်ပန်းပါတယ်။ သယ်မလာပြန်ရင်လည်း

http://www.dhammadownload.com

အာပတ်က သင့်ဦးမှာကိုး။ တိစီဝရိတ်အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းသုံးထည်နဲ့ ကင်းကွာပြီး အရုဏ်တက်လို့မှ မရဘဲ။

သာဝတ္ထိရောက်လို့ မြတ်စွာဘုရားကို ဖူးမြော်ပြီးတဲ့အခါ လမ်းခရီးမှာ သင်္ကန်းကြီးထမ်းပြီး ပင်ပန်းခဲ့ရတဲ့အကြောင်း လျှောက်ထားပါတယ်။

မြတ်စွာဘုရားရှင်လည်း 'တကယ်လို့သာ ကထိန်ခင်းမှု ဝိနည်းကံကို ခွင့်ပြုပညတ်ထားခဲ့ရင် နှစ်ထပ်သင်္ကန်းကြီးကို သင့်တော်ရာမှာ ထားခဲ့ပြီး သင်းပိုင်, ကေသီလောက်နဲ့ပဲ သွားလို့လာလို့ ရသွားမယ်။ ဒါဆို အခုလို ပင်ပန်းဆင်းရဲကြမှာ မဟုတ်တော့ဘူး။ ရှေးရှေး ဘုရားရှင်တွေ အားလုံးလည်း ကထိန်ခင်းမှုဝိနည်းကံကို ခွင့်ပြုတော်မူခဲ့ကြတယ်' လို့ ဆင်ခြင်ပြီး ...

'ပထမဝါဆိုပြီးလို့ ဝါကျွတ်ကြတဲ့ ရဟန်းတော်များကို ကထိန်ခင်းဖို့ ခွင့်ပြုပါတယ်' လို့ မိန့်ကြားတော်မူပါတယ်။ ကထိန်အာနိသင် (၅)ပါးကိုပါ တစ်ဆက်တည်း ဟောကြားပြီး ကထိန်ခင်းဖို့ ခွင့်ပြုလိုက်ပါတယ်။

ကထိန်ခင်းပြီးလို့ ကထိန်အာနိသင်ရတဲ့ ရဟန်း

http://www.dhammadownload.com

တော်တွေဟာ သွားလေရာ နှစ်ထပ်သင်္ကန်းကြီးကို ယူဆောင်သွားစရာ မလိုတော့ပါဘူး။ အဲဒီအတွက် ဝန်ထုပ်ဝန်ပိုး အများကြီး သက်သာသွားပါတယ်။

ကထိန်အလှူရှင်တွေ လှူတဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းခွင့်ရလို့ အခုလို ဝန်ထုပ်ဝန်ပိုး လျော့သွားရတာ ဖြစ်တဲ့အတွက် ကထိန်အလှူရှင်တွေဟာ ရဟန်းတော်တွေကို ဝန်ထုပ်ဝန်ပိုး သက်သာခြင်းဆိုတဲ့ ဆုလာဘ် ပေးလှူရာ ရောက်သွားပါတယ်။

သူတစ်ပါးကို ဝန်ထုပ်ဝန်ပိုး လျှော့ချပေးတဲ့သူဟာ ကိုယ်ကိုယ်တိုင်လည်း ဝန်ထုပ်ဝန်ပိုး လျော့ကျသွားမှာ ဓမ္မတာပါ။ တူသောအကျိုးပေးတတ်တဲ့ ကံတရားရဲ့ သဘာဝအတိုင်း ကထိန်အလှူရှင်တွေဟာ ဖြစ်လေရာဘဝတိုင်း ဘဝတာဝန်၊ ခန္ဓာ့တာဝန်ကို ပေါ့ပေါ့ပါးပါး၊ သက်သက်သာသာနဲ့ ထမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ဘဝနေထိုင်မှုပုံစံ ချမ်းသာမယ်ပေါ့။

နောက်ဆုံးမှာ အလေးလံဆုံး ခန္ဓာဝန်ထုပ်ကို အပြီးတိုင် ပစ်ချနိုင်တဲ့ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံပြီး ဝန်ထုပ်

http://www.dhammadownload.com

ခပ်သိမ်း ချုပ်ငြိမ်း ချမ်းသာသွားရပါလိမ့်မယ်။

ဒါ့ကြောင့် သံသရာမှာ ဘဝဝန်ထုပ် ပေါ့ပါးချမ်းသာဖို့လောက်တွင် စိတ်မညွတ်ဘဲ ခန္ဓာဝန်ထုပ် လုံးဝမရှိတော့တဲ့ နိဗ္ဗာန်အထိ စိတ်ညွတ်ပြီး ကထိန်အလှူကို လှူဒါန်းကြရပါမယ်။ လှူဒါန်းနိုင်ကြပါစေ။

မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ဘယ်လောက်ကြီးကျယ်ခမ်းနားတဲ့ ဒါနကုသိုလ်ကမှလည်း မပယ်နုတ်နိုင်ပါဘူး။ ဘယ်လောက်ကြီးကျယ်သန့်စင်တဲ့ သီလကုသိုလ်ကမှလည်း မပယ်နုတ်နိုင်ပါဘူး။ ဘယ်လောက်ကြီးကျယ်မြင့်မြတ်တဲ့ ဘာဝနာကုသိုလ်ကမှလည်း မပယ်နုတ်ပါဘူး။

အဆင့်အတန်းမြင့်လှပါတယ်ဆိုတဲ့ ဝိပဿနာကုသိုလ်တွေ၊ မဂ်ကုသိုလ် (လောကုတ္တရာကုသိုလ်) တွေကလည်း မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေကို မပယ်နုတ်နိုင်ပါဘူး။ ကထိန်အလှူရှင်များလှူဒါန်းရတဲ့ ကထိန်အလှူတစ်ခုတည်းကသာလျှင် မြတ်စွာဘုရားရှင်ရဲ့ အာဏာစက်ဖြစ်တဲ့ ဝိနည်း သိက္ခာပုဒ်(၅)ခုကို

http://www.dhammadownload.com

ခေတ္တခဏ ပယ်နုတ်နိုင်ပါတယ်။ (သီတင်းကျွတ်လပြည့် ကျော် (၁) ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၅)လ အတွင်း။)

မလိုက်နာ မကျင့်သုံးရင် အာပတ်သင့်မယ့်၊ အပြစ်ဖြစ်မယ့် သိက္ခာပုဒ်ဝန်ထုပ်(၅)ခုကို ကထိန်သင်္ကန်းက လျှော့ချပေးလိုက်ပါတယ်။ ကထိန်သင်္ကန်းကြောင့် ကထိန်အလှူခံ ရဟန်းတော်တွေမှာ သိက္ခာပုဒ် ဝန်ထုပ်(၅)ခု သက်သာခွင့် ရသွားပါတယ်။ စည်းမျဉ်းစည်းကမ်း ဝန်ထုပ်ကို လျှော့ချပေးတဲ့အလှူ လောကကြီးမှာ ဒီကထိန်အလှူ တစ်ခုပဲရှိပါတယ်။

ရိုးရိုးသင်္ကန်းအလှူနဲ့ ကထိန်သင်္ကန်းအလှူတို့ရဲ့ ကွဲပြားခြားနားချက်ကတော့ အဲဒါပါပဲ။ ရိုးရိုးသင်္ကန်းက ရဟန်းတော်တွေကို ဝတ်ရုံသုံးစွဲရခြင်းဆိုတဲ့ အကျိုးကိုပဲ ရစေနိုင်ပါတယ်။ ကထိန်သင်္ကန်းကတော့ ရဟန်းတော်တွေကို ဝတ်ရုံသုံးစွဲရခြင်းဆိုတဲ့ အကျိုးအပြင် သိက္ခာပုဒ် ဝန်ထုပ်တချို့ သက်သာသွားခြင်းဆိုတဲ့ အကျိုးကိုလည်း ရစေနိုင်ပါတယ်။

http://www.dhammadownload.com

သင်္ကန်းရဲ့ အကျိုးသက်ရောက်မှုချင်း ကွဲပြားခြားနားတဲ့အတွက် သင်္ကန်းအလှူရှင်ရဲ့ အကျိုးရရှိမှုချင်းလည်း ကွဲပြားခြားနားသွားပါလိမ့်မယ်။ ရိုးရိုးသင်္ကန်းအလှူရှင်က ရုပ်အဆင်းလှပခြင်း … စတဲ့ အဝတ်အထည် လှူရခြင်း အကျိုးတွေပဲ ရရှိနိုင်ပါတယ်။ ကထိန်သင်္ကန်းအလှူရှင်ကတော့ ရုပ်အဆင်းလှပခြင်း …စတဲ့ အဝတ်အထည် လှူရခြင်း အကျိုးတွေအပြင် ဝန်ထုပ်ဝန်ပိုး သက်သာခြင်း.. စတဲ့ ကထိန်အာနိသင်ဆိုင်ရာ အကျိုးတွေလည်း ရရှိနိုင်ပါတယ်။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

http://www.dhammadownload.com

# ကထိန်စစ်စစ်ဖြစ်ရဲ့လား

အရှင်ဘုရား ....

ရဟန်းတော်ကိုယ်တိုင် လှူတဲ့ သင်္ကန်းနဲ့ ကထိန်ခင်းကောင်းပါသလား၊ ကထိန်ခင်းခဲ့ရင်ရော ကထိန်အထမြောက်ပါသလားဘုရား။

**မသင်းမဒီ၊ ပြည်မြို့။**

ဒကာမလေး မသင်းမဒီ ...

'ကထိန်ခင်းတယ်' လို့ ပြောလိုက်ရင် ကထိန်ခင်းတဲ့အလုပ်ကို လူဝတ်ကြောင် ဒကာဒကာမတွေက လုပ်ကြတယ်လို့ လူအများက ထင်နေကြပါတယ်။ တကယ်တော့

http://www.dhammadownload.com

ကထိန်ခင်းတဲ့အလုပ်ဟာ လူဝတ်ကြောင် ဒကာဒကာမတွေရဲ့ အလုပ်မဟုတ်ပါဘူး၊ ရဟန်းတော်တွေရဲ့ အလုပ်ပါ။ ရဟန်းတော်တွေကပဲ ကထိန်ခင်းကြတာပါ။

ဒါပေမဲ့ ရဟန်းတော်တွေ ကထိန်ခင်းမယ့် သင်္ကန်းကို အများအားဖြင့် လူဝတ်ကြောင် ဒကာဒကာမတွေကပဲ လှူဒါန်းကြပါတယ်။ ကထိန်ခင်းမယ့်သင်္ကန်း လှူဒါန်းတာကိုပဲ ကထိန်ခင်းတယ်လို့ တင်စားပြီး ပြောကြရင်းက ကထိန်သင်္ကန်းလှူတဲ့သူတွေကို ကထိန်ခင်းတဲ့သူတွေလို့ ခေါ်ဝေါ်နေကြတာပါ။ အမှန်က လူဝတ်ကြောင် ဒကာဒကာမတွေဟာ ကထိန်ခင်းတဲ့သူတွေ မဟုတ်ပါဘူး၊ ကထိန်သင်္ကန်းလှူတဲ့သူတွေပါ။

ကထိန်သင်္ကန်းကို လူဝတ်ကြောင် ဒကာဒကာမတွေပဲ လှူခွင့်ရှိတာ မဟုတ်ပါဘူး။ ရဟန်းသာမဏေတွေလည်း လှူခွင့်ရှိပါတယ်။ သီလရှင်တွေလည်း လှူခွင့်ရှိပါတယ်။ လူသားတွေတွင် လှူခွင့်ရှိတာ မဟုတ်ပါဘူး။ နတ်တွေလည်း လှူခွင့်ရှိပါတယ်။ ဗြဟ္မာတွေလည်း လှူခွင့်ရှိပါတယ်။ နဂါးဂဠုန်တွေလည်း လှူခွင့်ရှိပါတယ်။

http://www.dhammadownload.com

ကျမ်းဂန်မှာ ကထိန်သင်္ကန်း လှူခွင့်ရှိသူကို 'လူရယ်၊ နတ်ရယ်၊ သီတင်းသုံးဖော်(၅)ဦးရယ်' လို့ ပုဂ္ဂိုလ် (၇)မျိုး တိုက်ရိုက်ပြထားပါတယ်။ သီတင်းသုံးဖော်(၅)ဦး ဆိုတာ 'ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမနဲ့ သိက္ခမာန်' တို့ပါပဲ။ သိက္ခမာန်ဆိုတာ ဘိက္ခုနီမ(ရဟန်းမ) မဝတ်မီ သိက္ခာပုဒ်(၆)ပါးကို (၂)နှစ်တိတိ ကျင့်ရတဲ့ သာမ-ဏေမ တစ်မျိုးကို ခေါ်တာပါ။

ပဓာနနည်းအားဖြင့် တိုက်ရိုက်ပြထားတဲ့ ပုဂ္ဂိုလ် (၇)မျိုးထဲမှာ နဂါး၊ ဂဠုန်စတဲ့ တိုက်ရိုက်ပြမထားတဲ့ တခြား ပုဂ္ဂိုလ်တွေလည်း အကျုံးဝင်ပါတယ်။ အသိဉာဏ်ရှိသူ မည် သူမဆို ကထိန်သင်္ကန်း လှူခွင့်ရှိပါတယ်။

ရဟန်းတော်တွေကို ကထိန်သင်္ကန်းလှူခွင့်ရှိ သူများစာရင်းထဲမှာ တိုက်ရိုက်ပြထားတဲ့အတွက် ရဟန်းတော် ကိုယ်တိုင် လှူတဲ့သင်္ကန်းနဲ့ ကထိန်ခင်းကောင်းပါတယ်၊ ကထိန်ခင်းခဲ့ရင်လည်း ကထိန်အထမြောက်ပါတယ်။ ဒါပေ မဲ့ ရဟန်းတော်ကိုယ်တိုင် အလှူခံတဲ့ သင်္ကန်းနဲ့တော့ ကထိန် မခင်းကောင်းပါဘူး၊ ကထိန်ခင်းခဲ့ရင်လည်း ကထိန်အထ

http://www.dhammadownload.com

မပြောက်ပါဘူး။

ကထိန်တစ်ခု အထမြောက်ဖို့အတွက် ကထိန်သင်္ကန်းလှူတဲ့သူ ဘယ်သူလဲဆိုတဲ့အချက်က အဓိက မကျပါဘူး။ လှူတဲ့ ကထိန်သင်္ကန်း ဘယ်လိုသင်္ကန်းလဲ ဆိုတဲ့အချက်က အဓိကကျပါတယ်။

ကထိန်တစ်ခု အထမြောက်ဖို့အတွက်...လှူတဲ့ကထိန်သင်္ကန်းဟာ..

(၁) မိုးကျသင်္ကန်းလည်း ဖြစ်ရပါမယ်။

(၂) မသိုးသင်္ကန်းလည်း ဖြစ်ရပါမယ်။

(၃) သံဃိကသင်္ကန်းလည်း ဖြစ်ရပါမယ်။

သင်္ကန်းသုံးထည် ဖြစ်ရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ သင်္ကန်းတစ်ထည်တည်းကပဲ(၁) 'မိုးကျ'ဖြစ်ခြင်း၊ (၂) 'မသိုး'ဖြစ်ခြင်း၊ (၃) 'သံဃိက'ဖြစ်ခြင်းဆိုတဲ့ အရည်အသွေး(၃)မျိုးနဲ့ ပြည့်စုံရမယ်လို့ ဆိုလိုတာပါ။

(၁) ကထိန်သင်္ကန်းဟာ 'မိုးကျသင်္ကန်း' ဖြစ်ရပါမယ်။ မိုးရေမိုးပေါက်တွေဟာ ဘယ်သူ့ရဲ့ တိုက်တွန်းလှုံ့ဆော်မှုမှ မပါဘဲ မိုးကောင်းကင်ပေါ်ကနေ အလိုအလျောက်ကျ

http://www.dhammadownload.com

လာသလို ကထိန်သင်္ကန်းဟာလည်း ကထိန်ခင်းမယ့် ကျောင်းတိုက်က ရဟန်းတော်တွေထဲက ဘယ်ရဟန်းတော်ရဲ့ တိုက်တွန်းလှုံ့ဆော်မှုမှ မပါဘဲ အလှူရှင်က သူ့သဒ္ဓါတရားနဲ့သူ အလိုအလျောက် လာလှူတဲ့သင်္ကန်း ဖြစ်ရပါမယ်။

ကိုယ် လုံးဝမတိုက်တွန်းဘဲ သူ့အလိုအလျောက် ရတဲ့သင်္ကန်း၊ ကိုယ်လုံးဝ အလှူမခံဘဲ သူ့အလိုအလျောက် လာလှူတဲ့ သင်္ကန်းကို မိုးပေါ်က ရုတ်တရက်ကျလာတဲ့ အရာဝတ္ထုနဲ့တူလို့ မိုးကျသင်္ကန်း (မိုးပေါ်ကျသင်္ကန်း)လို့ ခေါ်ပါတယ်။

ရဟန်းတော်တွေဟာ မိခင်ရင်း၊ ဖခင်ရင်းဆီက တောင်မှ ကထိန်သင်္ကန်း အလှူမခံကောင်းပါဘူး။ ရဟန်းတော်ကိုယ်တိုင် မိခင်ရင်း၊ ဖခင်ရင်းဆီက အလှူခံလို့ ရလာတဲ့ သင်္ကန်းနဲ့ ကထိန်ခင်းရင်လည်း ကထိန် အထမမြောက်ပါဘူး။

ရဟန်းတော်က မိဘကျေးဇူး အထူးဆပ်ချင်လို့ဆိုပြီး ဘူးခြားတဲ့ ကထိန်အလှူကုသိုလ်ကြီး မိဘနှစ်ပါးရစေချင်တဲ့

http://www.dhammadownload.com

စိတ်နဲ့ မိဘကို ကထိန်အကြောင်းတွေ ပြောပြပြီး တိုက်ရိုက်နည်းနဲ့ဖြစ်ဖြစ်၊ သွယ်ဝိုက်တဲ့နည်းနဲ့ ဖြစ်ဖြစ် ကထိန်သင်္ကန်း အလှူခိုင်းတယ်ဆိုရင် အဲဒီသင်္ကန်းနဲ့ ကထိန်ခင်းပေမယ့် ကထိန်အထမမြောက်တော့တဲ့အတွက် မိဘကျေးဇူးလည်း အထူးဆပ်ရာမရောက်တော့ပါဘူး။ မိဘနှစ်ပါးလည်း ထူးခြားတဲ့ ကထိန်အလှူကုသိုလ်ကြီး မရတော့ပါဘူး။

ကိုယ်ဝါဆိုတဲ့ကျောင်းတိုက်ရဲ့ ကထိန်အတွက် အလှူမခံကောင်းဘူးလို့ပြောတာပါ။ တခြားကျောင်းတိုက်ရဲ့ ကထိန်အတွက်တော့ လှူဖို့ တိုက်တွန်းကောင်းပါတယ်၊ တိုက်တွန်းလို့ရပါတယ်။ လိုအပ်ရင် တိုက်တွန်းရမှာပါပဲ။

ကထိန်သင်္ကန်း လှူခွင့်ရှိသူတွေထဲမှာ ရဟန်းတော်တွေလည်း ပါတဲ့အတွက် ရဟန်းတစ်ပါးပါးက ဦးစီးဦးဆောင်ပြုပြီး တပည့်ဒကာ ဒကာမတွေနဲ့ တခြား ကျောင်းတိုက် တစ်ခုခုမှာ ကထိန်သွားခင်းတာကတော့ ရပါတယ်။ ဒါပေမဲ့ ကထိန်ခင်းမယ့်ကျောင်းတိုက်က ရဟန်းတော်တွေ ကိုယ်တိုင်ကတော့ ကိုယ့်ကျောင်းကထိန်အတွက် ဘယ်သူ့ကိုမှ ကထိန်သင်္ကန်းလှူဖို့ မတိုက်တွန်းကောင်းပါဘူး။

http://www.dhammadownload.com

'ဒီနှစ် ကထိန်ရက် ဘယ်ရက်လဲ'

'ဒီနှစ်လည်း ဘုံကထိန်ပဲလား'

'ဒီနှစ် ဥတ်သင်္ကန်း လှူဖို့ ပြောထားတဲ့သူ မရှိသေးဘူး'

'ကထိန်ရာသီတော့ ရောက်လာပြန်ပြီနော်'

...စသည်...စသည်အားဖြင့်...

ဘယ်လိုအရိပ်နိမိတ်မျိုး ပြပြီးတော့ပဲဖြစ်ဖြစ်၊ ဘယ်လိုပရိယာယ်စကားမျိုး ပြောပြီးတော့ပဲဖြစ်ဖြစ်၊ ကထိန်ခံရဟန်းတော်တွေ ကိုယ်တိုင် ကထိန်သင်္ကန်း အလှူမခံကောင်းပါဘူး။

ကထိန်ခင်းမယ့် ဒကာဒကာမတွေဘက်က ကထိန်နဲ့ပတ်သက်လို့ ဘာစကားမှ မစ,ရသေးဘဲနဲ့ ကျောင်းတိုက်ရဟန်းတော်တွေထဲက တစ်ပါးပါးက ကထိန်အကြောင်းစကားမစ, မိအောင် အထူးသတိပြုရပါမယ်။ ဒကာဒကာမတွေက ဘာမှ မလျှောက်ရသေးဘဲနဲ့ 'ဒီနှစ် ကထိန်ရက်ဘယ်ရက်လဲ' လို့ ကိုယ့်ဘက်က စ, မမေးသင့်သလို 'ဒီနှစ်တော့ ဒီရက်မှာ ကထိန်ခင်းရင် အဆင်ပြေမယ်ထင်တယ်' လို့

http://www.dhammadownload.com

ကိုယ်က စပြီး ကထိန်ရက် သတ်မှတ်ပေးတာမျိုးလည်း လုံးဝ မပြုလုပ်သင့်ပါဘူး။

ကထိန်သင်္ကန်းဟာ 'အတိဥက္ကဋ္ဌ = အလွန်မြင့်မြတ်တဲ့သင်္ကန်း'ဖြစ်ရမယ်တဲ့ …။ 'အလွန်မြင့်မြတ်တဲ့သင်္ကန်း' ဆိုတာ တောင်းရမ်းမှု၊ တိုက်တွန်းမှုမပါဘဲ အလိုအလျောက်ရတဲ့သင်္ကန်းကို ပြောတာပါ။

လောကမှာ အလွန့်အလွန် အပြစ်ကင်းပြီး သန့်ရှင်းစင်ကြယ်တဲ့သူကို 'မိုးကျရွှေကိုယ်'လို့ခေါ်သလို တောင်းရမ်းခြင်း၊ တိုက်တွန်းခြင်းဆိုတဲ့ အပြစ်လုံးဝကင်းပြီး အလွန့်အလွန် သန့်ရှင်းစင်ကြယ်တဲ့သင်္ကန်းကို 'မိုးကျသင်္ကန်း'လို့ ခေါ်ပါတယ်။

ကိုယ့်ကျောင်းကို ဘယ်နေ့ဘယ်ရက်မှာ ဘယ်သူကထိန်လာခင်းမယ်ဆိုတာ လုံးဝကြိုမသိဘဲ ဒီနေ့ပဲ ရောက်လာပြီး ဒီနေ့ပဲ လာလှူတဲ့ ကထိန်သင်္ကန်းကတော့ အလွန့်အလွန် အမြင့်မြတ်ဆုံး၊ အလွန့်အလွန် အသန့်ရှင်း အစင်ကြယ်ဆုံး မိုးကျသင်္ကန်းပါပဲ။ ကြိုတင် အသိပေးမထားဘဲ လာလှူတဲ့သင်္ကန်း၊ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာတဲ့

http://www.dhammadownload.com

သင်္ကန်းဟာ မိုးကျသင်္ကန်း အစစ်ဆုံးပါပဲ။

'မတောင်းဘဲရမှ အတိဥက္ကဋ္ဌ (အလွန်မြင့်မြတ်တယ်)' ဆိုတာကို ကြည့်ပြီး … ဘယ်ပစ္စည်း လာဘ်လာဘမဆို ဘယ်ရာထူးဌာနန္တရမဆို ကိုယ်ကမတောင်းရဘဲ အလိုအလျောက်ရမှ ပိုတန်ဖိုးရှိတယ်၊ ပိုသန့်ရှင်းစင်ကြယ်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ 'မရှာဘဲတွေ့မှ အချစ်၊ မရှာဘဲရမှ ဘုန်းကံ' ဆိုတဲ့ သဘောပါပဲ။

(၂) ကထိန်သင်္ကန်းဟာ 'မသိုးသင်္ကန်း' ဖြစ်ရပါမယ်။ သန့်ရှင်းလတ်ဆတ်တဲ့ ထမင်းကောင်း၊ ဟင်းကောင်း (မသိုးထမင်း၊ မသိုးဟင်း) ဆိုတာ ချက်ပြီး တစ်ရက်မှ မကူးသေးတဲ့၊ ဒီနေ့မှ ချက်ထားတဲ့ ထမင်းဟင်းဖြစ်ရသလို ကထိန်သင်္ကန်းဟာလည်း လှူပြီး တစ်ရက်မှမကူးသေးတဲ့၊ ဒီနေ့မှ လှူထားတဲ့ သင်္ကန်းဖြစ်ရပါမယ်။

ချက်ပြီး တစ်ရက်ကျော်သွားတဲ့ ထမင်းဟင်း၊ နေ့ကူးသွားတဲ့ ထမင်းဟင်းကို တကယ်သိုးသိုးမသိုးသိုး ထမင်းသိုး၊ ဟင်းသိုးလို့ပဲ ခေါ်ပါတယ်။ အအေးခန်းထဲ၊ ရေခဲသေတ္တာထဲ ထည့်ထားလို့ ချက်ချင်းသိုးမသွားသေးလည်း

http://www.dhammadownload.com

နာမည်ကတော့ ထမင်းသိုး၊ ဟင်းသိုးပါပဲ။

လှူပြီး တစ်ရက်ကျော်သွားတဲ့သင်္ကန်း၊ နေ့ကူး သွားတဲ့သင်္ကန်းကို သင်္ကန်းသိုးလို့ ခေါ်ပါတယ်။ မှိုတက် သွားလို့၊ ဖုန်ပေသွားလို့ သင်္ကန်းသိုးခေါ်တာ မဟုတ်ပါဘူး။ ရက်ကျော်သွားလို့၊ နေ့ကူးသွားလို့ သင်္ကန်းသိုး ခေါ်တာပါ။ အဲဒီလို သင်္ကန်းသိုးနဲ့ လုံး၀ ကထိန်ခင်းလို့ မရပါဘူး။ ကထိန်ခင်းလည်း ကထိန်အထမမြောက်ပါဘူး။ (တစ်ရက် မကကျော်သွားရင်တော့ အထူးပြောစရာတောင် မလိုတော့ ပါဘူး။)

လှူပြီးတစ်ရက်မှမကျော်သေးတဲ့သင်္ကန်း၊ နေ့မကူး သေးတဲ့သင်္ကန်း၊ ဒီနေ့မှလာလှူတဲ့သင်္ကန်းကို 'မသိုးသင်္ကန်း' လို့ ခေါ်ပါတယ်။ မသိုးသင်္ကန်းနဲ့ခင်းမှ ကထိန်အထမြောက် ပါတယ်။

ရဟန်းတော်တွေဟာ ကထိန်သင်္ကန်း ဒီနေ့ရရင် ဒီနေ့ပဲ ကထိန်ခင်းရပါတယ်။ အလုပ်မအားလို့၊ အဆင်မပြေ သေးလို့ဆိုပြီး နောက်နေ့မှ ကထိန်ခင်းလို့ မရပါဘူး။ ကထိန် သင်္ကန်း အလှူခံပြီးတဲ့နေ့ရဲ့ နောက်တစ်နေ့ အရုဏ်မတက်

http://www.dhammadownload.com

ခင်မှာပဲ ကထိန်ခင်းခြင်းကိစ္စ ပြီးစီးအောင် ဆောင်ရွက်ရပါ တယ်။ ကထိန်သင်္ကန်း အလှူခံပြီးတာနဲ့ ချက်ချင်း ကထိန် ခင်းရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ နောက်တစ်နေ့မနက် အရုဏ်မတက်မချင်း ဘယ်အချိန်မှာမဆို ကထိန်ခင်းလို့ ရပါတယ်။

'ကထိန်သင်္ကန်းဟာ နေ့မကူးတဲ့ မသိုးသင်္ကန်း ဖြစ်ရမယ်' ဆိုတာကိုကြည့်ပြီး တချို့က ကထိန်ရက်မတိုင်ခင် ကထိန်သင်္ကန်းကို ကျောင်းမှာ သွားမထားကောင်းဘူးလို့ ယူဆနေကြပါတယ်။ လမ်းခရီး ကြံုနေရင်တောင်မှ ကထိန် သင်္ကန်းကိုင်လျက်တန်းလန်းကြီးနဲ့ ကျောင်းတိုက်ထဲကနေ ဖြတ်မသွားကောင်းဘူးလို့တောင် ထင်နေကြပါတယ်။ မဟုတ်ပါဘူး။ ကထိန်သင်္ကန်းကိုရော၊ ကထိန်ရံသင်္ကန်းတွေ ကိုရော၊ ကထိန်ရက်မတိုင်ခင် ကျောင်းမှာ သွားထားလို့ရ ပါတယ်။ ဒါပေမဲ့ ကထိန်သင်္ကန်းအဖြစ်နဲ့တော့ အပြီးလှူမပစ် ခဲ့ရပါဘူး။ ခေတ္တခဏ အပ်ရုံပဲ အပ်နှံထားခဲ့ရမှာပါ။ ကျောင်း မှာ သွားထားရုံပဲထားပြီး မလှူသေးရင် သင်္ကန်းတွေကို သံဃာက မပိုင်သေးပါဘူး။ အလှူရှင်တွေကပဲ ပိုင်ပါတယ်။

http://www.dhammadownload.com

ကထိန်သင်္ကန်းအဖြစ်နဲ့ အပြီးအပိုင် နှုတ်မြွက်ပြီး လှူပစ်ခဲ့ရင် တကယ်ကထိန်ခင်းမယ့်ရက်အထိ စောင့်နေလို့ မရတော့ပါဘူး။ အဲဒီနေ့မှာပဲ ချက်ချင်း ကထိန်ခင်းလိုက်ရ ပါမယ်။ နေ့ကူးသွားရင် သင်္ကန်းသိုး ဖြစ်သွားတဲ့အတွက် ကထိန်ခင်းလို့ မရတော့ပါဘူး။ အဲဒီကျောင်းတိုက် အဲဒီနှစ် အတွက် ပြီးပါပြီ။ ကထိန်ခင်းလို့ လုံးဝမရတော့ပါဘူး။ တစ်နှစ်မှာတစ်လ၊ တစ်လမှာတစ်ရက်၊ တစ်ရက်မှာ တစ် ကြိမ်ပဲ ကထိန်သင်္ကန်း လှူခွင့်ရှိတာဆိုတော့ နောက်ထပ် လည်း ကထိန်သင်္ကန်း အလှူခံလို့ မရတော့ပါဘူး။

တချို့က ကထိန်ရက်မှာ မအားလို့၊ မလာနိုင်လို့ ဆိုပြီး ကထိန်မတိုင်ခင် ရက်ခပ်စောစောကတည်းက ကထိန် သင်္ကန်းကို ကြိုလှူထားချင်ကြပါတယ်။ အဲဒီလို ကြိုလှူ ထားလို့ မရပါဘူး။ သက်ဆိုင်ရာ ကျောင်းတိုက် သံဃာက လည်း ကြိုအလှူခံထားလို့ လုံးဝ မရပါဘူး။ ကြိုလှူထားတဲ့ ကထိန်သင်္ကန်းနဲ့ ကထိန်ခင်းရင် အဲဒီကထိန်ဟာ ကထိန်အတု၊ ကထိန်အင်ပဲ ဖြစ်ပါလိမ့်မယ်။

တချို့က အရဏ်မတက်ခင် (ကျီးမနိုးခင်) ကထိန်

http://www.dhammadownload.com

သက်န်းလျှုတဲ့ 'ကျီးမနိုးကထိန်' က ပိုမြတ်တယ်လို့ယူဆပြီး အရုဏ်မတက်ခင် (ကျီးမနိုးခင်) ကထိန်သင်္ကန်း လှူဒါန်း တတ်ကြပါတယ်။ အရုဏ်မတက်ခင် ကထိန်သင်္ကန်း လှူ လိုက်ရင် အရုဏ်မတက်ခင်ဘဲ ကထိန်ခင်းရပါတယ်။ အရုဏ်တက်ပြီးသွားမှ ကထိန်ခင်းရင် သင်္ကန်းသိုးသွားလို့ ကထိန်အထမမြောက်တော့ပါဘူး။ အရုဏ်တက်တာနဲ့ တစ်ပြိုင်နက် နောက်တစ်ရက် ကူးသွားပါပြီ၊ အရုဏ်တက် ခါနီးကပ်ပြီး ကထိန်သင်္ကန်းလှူရင် အရုဏ်အမီ ကထိန်ခင်း ဖို့ အချိန်မလုံလောက်တဲ့အတွက် အဲဒီလို လှူတာမျိုး လုံးဝ ရှောင်ကြဉ်သင့်ပါတယ်။

(၃) ကထိန်သင်္ကန်းဟာ 'သံဃိကသင်္ကန်း' ဖြစ်ရ ပါမယ်။ ရဟန်းတစ်ပါးပါးကို လှူဒါန်းထားလို့ အဲဒီရဟန်း တစ်ပါးတည်းကပဲ ပိုင်ဆိုင်တဲ့ ပုဂ္ဂလိကသင်္ကန်းနဲ့ ကထိန်ခင်း လို့ မရပါဘူး။ သံဃာအားလုံးကို လှူဒါန်းထားလို့ သံဃာ အားလုံးပိုင်ဆိုင်တဲ့ သံဃိကသင်္ကန်းနဲ့ပဲ ကထိန်ခင်းလို့ ရပါ တယ်။ သံဃာအများပိုင်ဆိုင်တဲ့ သံဃိကသင်္ကန်းနဲ့ပဲ ကထိန် ခင်းခွင့်ရှိပါတယ်။

http://www.dhammadownload.com

မိမိကြည်ညိုတဲ့ ဘုန်းကြီးတစ်ပါးပါး၊ ဆရာတော် တစ်ပါးပါးကို ဒီဆရာတော်ကြီး ငါကြည်ညိုလို့ ကထိန် သင်္ကန်း လှူလိုက်ဦးမယ် ဆိုပြီးတော့ 'ဆရာတော်ကို တပည့်တော် ကထိန်သင်္ကန်း လှူပါတယ်ဘုရား'၊ 'ဘုန်းကြီး ကို ကထိန်သင်္ကန်း လှူပါတယ်ဘုရား'၊ 'အရှင်ဘုရားကို ကထိန်သင်္ကန်းလှူပါတယ်ဘုရား' လို့ မိမိကြည်ညိုတဲ့ ရဟန်းတော်တစ်ပါးပါးကို ပုဂ္ဂလိကအနေနဲ့ ကထိန်သင်္ကန်း လှူဒါန်းခွင့် မရှိပါဘူး။

တချို့က ကထိန်ရာသီမှာ လှူတဲ့ သင်္ကန်းမှန်သမျှ ကထိန်သင်္ကန်းပဲ ထင်ပြီး 'အရှင်ဘုရားအတွက် ကထိန် သင်္ကန်းပါဘုရား' ဆိုပြီး လာလာလှူလေ့ရှိပါတယ်။ အဲဒီလို လှူလို့ လုံးဝ မရပါဘူး။ ရဟန်းတစ်ပါးချင်းကို 'ကထိန် သင်္ကန်း' ဆိုပြီး လုံးဝ လှူလို့ မရပါဘူး။ အဲဒီလို ရဟန်း တစ်ပါးပါးကို လှူတဲ့သင်္ကန်းကိုလည်း ကထိန်ရာသီမှာ လှူပေမယ့် ကထိန်သင်္ကန်းလို့ မခေါ်ပါဘူး။

ပုဂ္ဂိုလ်တစ်ပါးပါးကို လှူဒါန်းလိုက်တဲ့ အဲဒီ သင်္ကန်းနဲ့လည်း ကထိန်ခင်းလို့ မရပါဘူး။ ခင်းလည်းပဲ

http://www.dhammadownload.com

ကထိန် မအောင်မြင်ပါဘူး။ သံဃာကို လှူဒါန်းတဲ့ သင်္ကန်းနဲ့ သာလျှင် ကထိန်ခင်းခွင့်ရှိပါတယ်။ ကထိန် အောင်မြင် ထမြောက်နိုင်ပါတယ်။

သင်္ကန်းဆိုင်တွေကလည်း ကထိန်ရာသီ ရောက်ပြီ ဆိုရင် 'ကထိန်သင်္ကန်းရပြီ' လို့ ကြော်ငြာလေ့ရှိကြပါတယ်။ တကယ်တော့ ကထိန်သင်္ကန်းရယ်လို့ သီးခြား မရှိပါဘူး။ ပုံမှန်ဝတ်နေကျသင်္ကန်းကိုပဲ ကထိန်ခင်းဖို့ လှူလို့ ကထိန် သင်္ကန်းလို့ ခေါ်တာပါ။

ကထိန်သင်္ကန်း လှူဒါန်းနည်းက နှစ်မျိုးရှိပါတယ်။ ကထိန်ခင်းမယ့်ကျောင်းမှာ သွားလှူတဲ့နည်းနဲ့ ကိုယ့်အိမ်၊ ကိုယ်ဌာန၊ တစ်နေရာရာမှာ ပင့်လှူတဲ့နည်းတို့ပါပဲ။

ကထိန်ခင်းမယ့်ကျောင်းမှာ သွားလှူရင်တော့ 'ဤ ကထိန်သင်္ကန်းကို သံဃာအား လှူပါ၏' လို့ ဆိုပြီး လှူ လိုက်ရုံနဲ့ လုံလောက်ပါတယ်။ သံဃာအား လှူတယ် ဆိုပေ မယ့် ကထိန်ခင်းမယ့် ကျောင်းမှာရှိတဲ့ သံဃာနဲ့ပဲ သက်ဆိုင် ပါတယ်။

ကိုယ့်နေရာ၊ ကိုယ့်ဌာနကို ပင့်ပြီးလှူမယ်ဆိုရင်တော့

http://www.dhammadownload.com

'ဘယ်ကျောင်းတိုက်မှာ ကထိန်ခင်းဖို့အတွက် သံဃာအား လှူပါ၏' လို့ ကထိန်ခင်းမယ့် ကျောင်းတိုက်နာမည်ကို တရားဝင် ထည့်ဆိုပြီး လှူရပါတယ်။ ဒါမှ ကိုယ်ရည်စူးတဲ့ ကျောင်းတိုက်သံဃာက ကထိန်ခင်းခွင့် ရမှာပါ။

ကျောင်းတိုက်နာမည် ထည့်မဆိုဘဲ 'သံဃာအား လှူပါ၏' လို့ ရိုးရိုးလေးဆိုပြီး လှူလိုက်ရင် အခမ်းအနားကို ကြွလာတဲ့ ဆယ့်နှစ်တောင်ပတ်လည်အတွင်းက ပင့်သံဃာ အားလုံးနဲ့ သက်ဆိုင်သွားတဲ့ အတွက် ရည်စူးရာကျောင်း တိုက်မှာ ကထိန်ခင်းခွင့် မရှိတော့ပါဘူး။

ရဟန်းတစ်ပါးတည်းကို ပင့်ပြီး 'သံဃာအား လှူပါ၏' လို့ ဆိုလှူလိုက်ရင်လည်း အဲဒီရဟန်းက အဲဒီ သင်္ကန်းကို ယူပြီး တခြား ကျောင်းတိုက်တစ်ခုကို ဝင်လိုက် မိတာနဲ့ တစ်ပြိုင်နက်တည်း ဝင်မိတဲ့ ကျောင်းတိုက်သံဃာက အဲဒီသင်္ကန်းကို ပိုင်ဆိုင်သွားပြန်လို့ ရည်စူးရာ ကျောင်း တိုက်မှာ ကထိန်ခင်းမရတော့ပါဘူး။

ဒါ့ကြောင့် ကိုယ့်နေရာ၊ ကိုယ့်ဌာန ပင့်လှူသူတိုင်း ကထိန်ခင်းလိုတဲ့ ကျောင်းတိုက်နာမည်ကို တရားဝင် ထည့်

http://www.dhammadownload.com

ဆိုပြီးမှ လှူသင့်ပါတယ်။

ကထိန်ခင်းမယ့်ကျောင်းတိုက်မှာ သွားလှူတဲ့အခါ 'သံဃာအား' လို့ ထည့်မဆိုဘဲ 'ဤကထိန်သင်္ကန်းကို လှူပါ၏' လို့ ရိုးရိုးပဲ ဆိုလိုက်ရင်လည်း အဲဒီကထိန်သင်္ကန်းဟာ ကျောင်းတိုက်မှာရှိတဲ့ သံဃာအားလုံး ပိုင်ဆိုင်တဲ့သင်္ကန်း (သံဃိကသင်္ကန်း) ဖြစ်သွားပါတယ်။ 'သံဃာအား' လို့ ထည့်ဆိုလိုက်တော့လည်း ပိုပြည့်စုံသွားတာပေါ့။

ရဟန်းတစ်ပါးတည်း ဝါဆိုတဲ့ကျောင်းတိုက်မှာ 'သံဃာအား လှူပါ၏' လို့ ရွတ်ဆိုလျှောက်ထားပြီး လှူတဲ့ ကထိန်သင်္ကန်းဟာ 'သံဃာအား' လို့ပါတဲ့အတွက် အရပ်လေးမျက်နှာမှာ ရှိရှိသမျှ သံဃာအားလုံးနဲ့ သက်ဆိုင်ပေမယ့် ကျောင်းတိုက်မှာ ဝါဆိုတဲ့ ရဟန်းတစ်ပါးကပဲ ပိုင်ဆိုင်ပါတယ်။

တစ်ပါးထက်ပိုများတဲ့ ရဟန်းတော်တွေ ဝါဆိုတဲ့ ကျောင်းတိုက်တွေမှာလည်း နည်းတူပါပဲ။ 'သံဃာအား လှူပါ၏' ဆိုတဲ့ သင်္ကန်းမှန်သမျှ အရပ်လေးမျက်နှာသံဃာ (စာတုဒ္ဒိသသံဃာ)နဲ့ သက်ဆိုင်ရုံပဲ သက်ဆိုင်ပါတယ်။ ပိုင်

http://www.dhammadownload.com

တဲ့အခါမှာတော့ ကျောင်းတိုက်သံဃာ(အာရာမသံဃာ) ကပဲ ပိုင်ပါတယ်။ ကျောင်းတိုက်ပြင်ပက သံဃာဟာ ဆိုင်သာဆိုင် မပိုင်တဲ့သံဃာပါ။

ကိုယ်လှူတဲ့သင်္ကန်းကို သံဃာတော်တွေ ဘယ်လို ပဲဆိုင်ဆိုင် ဘယ်လိုပဲပိုင်ပိုင် ကိုယ်ကတော့ သံဃာအားလုံးကို ရည်မှန်းပြီးလှူဒါန်းရမှာပါပဲ။ 'အရပ်လေးမျက်နှာမှာ ရှိရှိ သမျှသံဃာအားလုံး၊ သာသနာတော်မှာ ရှိခဲ့ပြီး၊ ရှိနေဆဲ၊ ရှိလတ္တံ့ သံဃာအားလုံးကို လှူဒါန်းပါတယ်' လို့ အာရုံပြုပြီး 'သံဃဿ ဒေမ = သံဃာအား လှူပါ၏'လို့ ရွတ်ဆို လှူဒါန်းလိုက်ရင် ကိုယ်လှူလိုက်တဲ့သင်္ကန်းဟာ တစ်သာသ နာလုံး၊ တစ်လောကလုံးမှာရှိတဲ့ ပုထုဇဉ်သံဃာ၊ အရိယာ သံဃာ သံဃာအားလုံးနဲ့ သက်ဆိုင်တဲ့ သံဃိကသင်္ကန်းဖြစ် သွားပါတယ်။

အများပိုင်သံဃိကသင်္ကန်းနဲ့ပဲ ကထိန်ခင်းလို့ ရပါ တယ်၊ တစ်ပါးပိုင် ပုဂ္ဂလိကသင်္ကန်းနဲ့ ကထိန်ခင်းလို့ မရပါ ဘူး။ ဒါပေမဲ့ တကယ် ကထိန်ခင်းတဲ့ အချိန်မှာတော့ အများပိုင် သံဃိကသင်္ကန်းကို တစ်ပါးပိုင် ပုဂ္ဂလိကသင်္ကန်း

http://www.dhammadownload.com

ဖြစ်အောင် ပြန်လုပ်လိုက်ရပါတယ်။

သံဃာက ကထိန်ခင်းလို့မရပါဘူး၊ ပုဂ္ဂိုလ်ကပဲ ကထိန်ခင်းလို့ ရပါတယ်၊ သံဃာက ကထိန်သင်္ကန်း ပေးရုံပဲ ပေးနိုင်ပါတယ်။ သိမ်ထဲမှာ သံဃာတော်တွေစုဝေးပြီး ကထိန်ခင်းထိုက်တဲ့ ရဟန်းတစ်ပါးကို ဉတ်ကမ္မဝါနဲ့ ကထိန်သင်္ကန်း ပေးလိုက်ရပါတယ်။ ကထိန်သင်္ကန်းကို ပုဂ္ဂလိကအဖြစ် ပိုင်ဆိုင်သွားတဲ့ အဲဒီရဟန်းကမှ ကထိန်ခင်းရတာပါ။

ကထိန်သင်္ကန်းကို သိမ်ထဲမှာပဲ ပေးရပေမယ့် ကထိန်ကိုတော့ သိမ်ထဲမှာပဲဖြစ်ဖြစ်၊ သိမ်အပြင်မှာပဲဖြစ်ဖြစ် ခင်းလို့ရပါတယ်။ ရဟန်းတစ်ပါးခင်းတဲ့ကထိန်ကို သံဃာက ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုလိုက်ရင် သံဃာလည်း ကထိန်ခင်းပြီးသား ဖြစ်သွားတာပါပဲ။

ကထိန်ခင်းခြင်းဆိုတဲ့ ဝိနည်းကံဟာ သံဃာ့ကံ မဟုတ်၊ ပုဂ္ဂလကံဆိုပေမယ့် သံဃာကပဲ ကထိန်သင်္ကန်း ပေးရ၊ ကထိန်ခင်းပြီးရင်လည်း သံဃာအားလုံးက အနုမောဒနာပြုရ၊ အနုမောဒနာပြုတဲ့ သံဃာမှလည်း ကထိန်အာနိသင်ရတဲ့အတွက် သံဃာ့ကိစ္စ၊ သံဃာ့အလုပ်လို့ ဆိုနိုင်ပါ

http://www.dhammadownload.com

တယ်။

သံဃိကသင်္ကန်းကို ပုဂ္ဂလိကသင်္ကန်းအဖြစ် ကထိန်ခင်းမယ့် ရဟန်းကိုပေးတာက သံဃာတော်တွေရဲ့ အပိုင်းဖြစ်ပါတယ်။ ကထိန်အလှူရှင်တွေရဲ့ အပိုင်းကတော့ သံဃိကသင်္ကန်းအဖြစ်ပဲ လှူဒါန်းရမှာပါ။ ကထိန်ခင်းတဲ့အချိန် ပုဂ္ဂလိကသင်္ကန်း လုပ်မယ့်အတူတူဆိုပြီး နဂိုကတည်းက ပုဂ္ဂလိကသင်္ကန်းအဖြစ် မလှူဒါန်းရပါဘူး။ လှူဒါန်းခဲ့ရင် ပုဂ္ဂလိကသင်္ကန်းကို သံဃာက ကထိန်ခင်းမယ့်ရဟန်းကို ပေးလို့မရတော့တဲ့အတွက် ကထိန်ခင်းလို့ မရတော့ပါဘူး။ သံဃိကသင်္ကန်းကိုပဲ သံဃာက ကထိန်ခင်းမယ့် ရဟန်းကို ပေးလို့ရပါတယ်။

ဒါ့ကြောင့် ကထိန်အလှူရှင်တွေအနေနဲ့ မိမိတို့ ကြည်ညိုတဲ့ ဆရာတော်တစ်ပါးပါး၊ ရဟန်းတစ်ပါးပါးကို ကထိန်သင်္ကန်းရစေချင်တဲ့စိတ် လုံးဝမထားဘဲ 'ဒီကထိန်သင်္ကန်းဟာ သံဃာအားလုံးအတွက်' လို့ပဲ ရည်မှန်းပြီး သံဃာပိုင်၊ သံဃိကစစ်စစ်ဖြစ်အောင် လှူဒါန်းကြရပါမယ်။

အနှစ်ချုပ်ပြီး ပြန်ပြောရရင်… ကထိန်တစ်ခု အထ

http://www.dhammadownload.com

မြောက်ဖို့ အတွက်၊ သို့မဟုတ် ကထိန်စစ်စစ်ဖြစ်ဖို့အတွက် ကထိန်သင်္ကန်းဟာ...

(၁) မိုးကျသင်္ကန်း ဖြစ်ရပါမယ်။ ရဟန်းတော်တွေကိုယ်တိုင် ဘယ်သူ့ဆီကမှ အလှူခံမထားတဲ့သင်္ကန်း၊ ရဟန်းတော်တွေဘက်က ဘာအရိပ်နိမိတ်မှ မပြရ, ဘာပရိယာယ်စကားမှ မပြောရဘဲနဲ့ အလှူရှင်တွေဘက်က အလိုအလျောက် လာလှူထားတဲ့သင်္ကန်းနဲ့ ကထိန်ခင်းမှ ကထိန်စစ်စစ်ဖြစ်ပါတယ်။ ရဟန်းတော်တွေဘက်က စ, ပြောလို့ လှူတဲ့သင်္ကန်းနဲ့ ကထိန်ခင်းရင် ကထိန်စစ်စစ် မဖြစ်ပါဘူး။

(၂) မသိုးသင်္ကန်း ဖြစ်ရပါမယ်။ ဒီနေ့လှူတဲ့သင်္ကန်းနဲ့ ဒီနေ့ ကထိန်ခင်းမှ ကထိန်စစ်စစ် ဖြစ်ပါတယ်။ မနေ့ကလှူတဲ့သင်္ကန်းနဲ့ ဒီနေ့ ကထိန်ခင်းရင် ဒီနေ့လှူတဲ့သင်္ကန်းနဲ့ မနက်ဖြန်မှ ကထိန်ခင်းရင် ကထိန်စစ်စစ် မဖြစ်ပါဘူး။

(၃) သံဃိကသင်္ကန်း ဖြစ်ရပါမယ်။ သံဃာအားလုံးကို ရည်မှန်းပြီး သံဃာပိုင်အဖြစ်နဲ့ လှူဒါန်းတဲ့ သံဃိကသင်္ကန်းနဲ့ ကထိန်ခင်းမှ ကထိန်စစ်စစ်ဖြစ်ပါတယ်။ ကိုယ်

http://www.dhammadownload.com

ကြည်ညိုတဲ့ဆရာတော်ကို ရည်မှန်းပြီး ကိုယ်ကြည်ညိုတဲ့ ဆရာတော်ပဲ ရစေချင်တဲ့စိတ်နဲ့ လှူတဲ့သင်္ကန်းနဲ့ ကထိန် ခင်းရင် ကထိန်စစ်စစ် မဖြစ်ပါဘူး။

နောက်တစ်ချက် ဖြည့်စွက်ရမယ်ဆိုရင်တော့ ကထိန်သင်္ကန်းဟာ ကိုယ်ပိုင်သင်္ကန်းဖြစ်ရပါမယ်။ ခေတ္တ ခဏ ငှားယူလာတဲ့သင်္ကန်း (အငှားသင်္ကန်း)နဲ့ ကထိန်ခင်းရင် ကထိန်စစ်စစ် မဖြစ်ပါဘူး။ အမှန်တကယ် ပိုင်ဆိုင်တဲ့ သင်္ကန်း (ကိုယ်ပိုင်သင်္ကန်း)နဲ့ ကထိန်ခင်းမှ ကထိန်စစ်စစ် ဖြစ်ပါတယ်။ ရဟန်းတစ်ပါးပါးက ကထိန်သင်္ကန်း လှူတဲ့ အခါမျိုးမှာ ကထိန်ခင်းတဲ့အခိုက်ကလေး ခေတ္တခဏ ငှားတဲ့ သဘောမျိုးမဖြစ်အောင် အထူးသတိပြုရပါမယ်။

ကထိန်ခင်းခွင့်ရှိတဲ့ ကာလကတော့ သီတင်းကျွတ် လပြည့်ကျော် (၁)ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ(၂၉-ရက်) ဖြစ်ပါတယ်။ ဒီတစ်လအတွင်းမှာပဲ ကထိန်သင်္ကန်းလှူခွင့်ရှိပါတယ်။ ဒီတစ်လအတွင်းမှာ ခင်း မှလည်း ကထိန်စစ်စစ်ဖြစ်ပါတယ်။

ကထိန်ခင်းဖို့အတွက် သံဃာက သိမ်ထဲမှာ

http://www.dhammadownload.com

သင်္ကန်းပေးတဲ့ကံ ပြုရတဲ့အတွက် ကထိန်ကံအောင်မြင်ဖို့ အနည်းဆုံး သံဃာ(၅)ပါး ရှိရပါတယ်။ ကထိန်သင်္ကန်းပေးတဲ့ ကံပြုတဲ့ သံဃာက(၄)ပါး၊ ကထိန်သင်္ကန်းခံယူသူက (၁)ပါး၊ စုစုပေါင်း(၅)ပါး အနည်းဆုံးရှိမှ ကထိန်ကံ အောင်မြင်ပါတယ်။

သင်္ကန်းပေးဖို့အတွက်သာ သံဃာ လိုတာပါ။ သင်္ကန်းပေးပြီးလို့ ကထိန်ခင်းတဲ့အခါမှာတော့ သံဃာ မလိုပါဘူး။ တစ်ပါးတည်းဝါဆိုတဲ့ ကျောင်းမှာ တစ်ပါးတည်း ကထိန်ခင်းလည်း ရပါတယ်၊ အနုမောဒနာပြုမယ့် ရဟန်း တစ်ပါး ခေါ်ထားပြီး နှစ်ပါးကထိန်ခင်းလည်း ရပါတယ်။ သင်္ကန်းပေးတဲ့ သံဃာတွေစုံနေတုန်းမို့ သံဃာနဲ့ ကထိန်ခင်းလိုက်လည်း ရတာပါပဲ။

ရဟန်းတစ်ပါးခင်းတဲ့ကထိန်ကို ဝါဆိုတူ ကျောင်းတိုက်အတွင်းက ရဟန်းတော်တွေပဲ အနုမောဒနာ ပြုစရာလိုပါတယ်။ ကိုရင်သာမဏေတွေကတော့ အနုမောဒနာ ပြု စရာမလိုပါဘူး။ ဒါပေမဲ့ တစ်ကျောင်းတိုက်တည်း အတူ ဝါဆိုကြတဲ့ သီတင်းသုံးဖော် ဘဝတူအချင်းချင်းဖြစ်တဲ့

http://www.dhammadownload.com

အတွက် ကထိန်အာနိသင်သက်န်း (ကထိန်ရံသက်န်း)တွေကို ကိုရင်တွေကိုလည်း အညီအမျှ ခွဲဝေပေးရပါမယ်။ ကိုရင် တွေလည်း အာနိသင်သက်န်း (ကထိန်ရံသက်န်း) ရပိုင်ခွင့်ရှိ ပါတယ်။

တချို့က ကျောင်းဥပစာ ပရိဝုဏ်အရံအတားတူတဲ့ ကျောင်းတိုက်တစ်တိုက်တည်းမှာ နှစ်ကျောင်း၊ သုံးကျောင်း စသည်ခွဲပြီး သီးခြားစီ ဝါဆိုတတ်ကြပါတယ်။ သီးခြားစီခွဲ ဝါဆိုလို့ဆိုပြီး ကိုယ့်ကျောင်းနဲ့ကိုယ် သီးခြားစီ ကထိန်ခင်းလို့ မရပါဘူး။ တစ်ကျောင်းတိုက်တည်းမှာ ကိုယ့်ကျောင်းနဲ့ကိုယ် နှစ်ကထိန်၊ သုံးကထိန် ခွဲခင်းရင် ကထိန်သက်န်းဟာ သံဃိ-ကသက်န်း မဖြစ်တော့တဲ့အတွက် ဘယ်ကထိန်မှ ကထိန် အထမမြောက်တော့ပါဘူး။ ခွဲခင်းသမျှ ကထိန်အားလုံး ကထိန်စစ်စစ် မဖြစ်တော့ပါဘူး။ ခွဲခင်းတဲ့ ကထိန်တွေ အတွက် ကထိန်သက်န်း လှူတဲ့သူတွေလည်း ဘယ်သူမှ ကထိန်အလှူရှင် မဖြစ်တော့ပါဘူး။

ကျောင်းတိုက်ကြီးတစ်ခုတည်းမှာ ဘယ်နှကျောင်း ပဲ ခွဲဝါဆိုဆို ကထိန်ခင်းရင်တော့ တစ်ကျောင်းတိုက်လုံး

http://www.dhammadownload.com

ပေါင်းပြီး ကထိန်တစ်ခုတည်းပဲ ခင်းရပါမယ်။ ဒါမှ ကထိန် စစ်စစ်ဖြစ်ပါတယ်။

ကထိန်ခင်းပြီးတဲ့ ကျောင်းတိုက်မှာ နောက်ထပ် လာလှူတဲ့ သံဃိကသင်္ကန်းတွေကို ကထိန်အာနိသင်မရတဲ့ တခြားရဟန်းတော်တွေလည်း ဝေစု ရစေချင်တယ်ဆိုရင် ခင်းပြီးသား ကထိန်ကို နုတ်လိုက်ရပါတယ်။ ကထိန်နုတ် တယ်ဆိုတာ ကထိန်ခင်းခြင်းအမှု၊ ကထိန်ကံကို ရုပ်သိမ်း လိုက်တာပါပဲ။ ကထိန်နုတ်ပြီးမှ နောက်ထပ်ကထိန်တစ်ခု ထပ်ခင်းလို့ မရတော့ပါဘူး။ ထပ်ခင်းရင်လည်း ကထိန် စစ်စစ် မဖြစ်တော့ပါဘူး။ ကထိန်နုတ်လိုက်တဲ့အတွက် ကထိန်အာနိသင်တွေလည်း ပျက်ပြယ်သွားပါတယ်။ ကထိန် အာနိသင်ရပြီးသား ရဟန်းတော်တွေလည်း ကထိန်အာနိသင် လုံးဝမရတော့ပါဘူး။

သံဃိကလာဘ်လာဘဖြစ်တဲ့ သင်္ကန်းတွေကို သံဃာအားလုံး ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကထိန်နုတ်တာ ပါ။ ကထိန်သာ မနုတ်ရင် သံဃိကသင်္ကန်းတွေကို ဝါကျိုး ဝါပြတ်သူ၊ ဒုတိယဝါဆိုသူ၊ တခြားကျောင်းတိုက်ကနေ

http://www.dhammadownload.com

နောက်ထပ်ရောက်လာသူတွေ မရနိုင်ပါဘူး။ ရခွင့် မရှိပါဘူး။ ကထိန်နုတ်လိုက်တဲ့အတွက် သံဃာအားလုံး ရခွင့်ရှိသွားပါတယ်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)